# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲ ဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ – ၇၈)


၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက် | ၂၀၂၃ ခုနှစ်၊ မတ် ၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ်(၁၅၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ရွှေညောင်– တောင်ကြီး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မြေဖို့ခြင်း၊ မြေဖြတ်ခြင်းနှင့် တာပေါင်ဆင်ခြေလျှော ဖြေခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းပိုင်းအလိုက် လုပ်ငန်းဆောင်ရွက် တိုးတက်မှု၊ သံလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ခရီးသွားများကို ဆွဲဆောင်နိုင်မည့် ရှမ်းပြည်နယ်၏


*စာမျက်နှာ ၅ ကော်လံ ၁* ❑


## ကြည့်ရှုစစ်ဆေး

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် (တောင်ပိုင်း) ရွှေညောင်– တောင်ကြီး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



# (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ ဒို့တာဝန်အရေး (၃) ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ☆ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်ထွန်း ကို စီမံရေးနှင့် ဘဏ္ဍာရေးဌာနကြီး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၇

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

မိုး/ဇလ

## ဥပဒေပညာဗဟုသုတမှတ်စုများ (တရားမကျင့်ထုံးဥပဒေ) စာအုပ် ပထမအကြိမ်ပုံနှိပ်ထုတ်ဝေ

နေပြည်တော် မတ် ၇

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်လျက်ရှိပြီး ဥပဒေစာအုပ်စာတမ်းများ ပြုစုထုတ်ဝေဖြန့်ဖြူးခြင်း၊ သုတေသနစာတမ်းများပြုစုခြင်း၊ စာတမ်းဖတ်ပွဲများကျင်းပခြင်း၊ မြန်မာ့ဥပဒေ သတင်းအချက်အလက်စနစ် (Myanmar Law Information System Website) တွင် ဥပဒေများ လွှင့်တင်ပေးခြင်း၊ ဥပဒေပညာရပ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခြင်းစသည့် ဥပဒေအသိပညာဖြန့်ဖြူးရေးလုပ်ငန်းများကို ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဆောင်ရွက်ချက်များအနက် ဥပဒေရေးရာဝန်ကြီးဌာနက ပြုစုထုတ်ဝေသည့် ဥပဒေပညာဗဟုသုတမှတ်စုများ (တရားမကျင့်ထုံးဥပဒေ) စာအုပ်တွင် ဥပဒေပြဋ္ဌာန်းချက်နှင့် သက်ဆိုင်ရာ စီရင်ထုံးများအား ပူးတွဲလျက်လေ့လာနိုင်ရန် စီစဉ်ထားပါသဖြင့် ဖတ်ရှုလေ့လာသင့်သော အဖိုးတန်စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

သို့ဖြစ်ပါ၍ ဥပဒေပညာဗဟုသုတမှတ်စုများ (တရားမကျင့်ထုံးဥပဒေ) စာအုပ်ကို ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များ၊ ဥပဒေပညာသင်ယူနေသည့် ကျောင်းသား ကျောင်းသူများနှင့် ဥပဒေပညာကိုစိတ်ဝင်စားသူများ ဖတ်ရှုလေ့လာအသုံးပြုနိုင်ရန်ရည်ရွယ်၍ ဥပဒေရေးရာဝန်ကြီးဌာနက ပြုစုထုတ်ဝေရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

နေပြည်တော် မတ် ၇

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ



## နည်းပညာအခြေခံသည့် ရေပေးဝေမှုစနစ်ဖြင့် စိုက်ပျိုးရေကို အကျိုးရှိစွာသုံးစွဲ

နိုင်ငံတော်တွင် အမျိုးသားရေးလုပ်ငန်းစဉ် (၂) ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ပေါများရေးတို့ကို အကောင်အထည်ဖော်လျက်ရှိရာ သီးနှံစိုက်ဧက ၃၃ သန်းတွင် သီးထပ်၊ သီးညှပ်များ စိုက်ပျိုးခြင်းဖြင့် ပိုမိုထုတ်လုပ်နိုင်ရန် အားပေးဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးတွင် ရေသည် မရှိမဖြစ်အရေးပါသော သွင်းအားစုတစ်ခုဖြစ်သည့်အလျောက် အလဟဿမဖြစ်အောင် အကျိုးရှိရှိ ထိထိရောက်ရောက် သုံးစွဲနိုင်ရန် လိုအပ်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "ယခုနှစ်တွင် မိုးရွာသွန်းမှု နည်းပါးခဲ့သည့်အတွက် ယခင်နှစ်ကာလတူထက် မိုးရေချိန်နည်းပါးသောကြောင့် အချို့သော ဆည်များအတွင်းသို့ ရေဝင်ရောက်မှုများ လျော့နည်းကြောင်း၊ ထို့ကြောင့် ဆည်ရေများကို စိုက်ပျိုးရေးလုပ်ငန်းများ၌ သုံးစွဲရာတွင် ထိထိရောက်ရောက်ဖြင့် စနစ်တကျ သုံးစွဲကြရန်လိုကြောင်း၊ ရေကို အဟောသိကံ သုံးစွဲခြင်းများ မပြုလုပ်ဘဲ ရေကို ချွေတာသုံးစွဲကြရန် လိုကြောင်း၊ လာမည့်နွေရာသီ၌ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး စသည့် မြေလတ်ဒေသများတွင် ရေရှားပါးမှုများ ဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ကြောင့် ရေရရှိရေးအတွက် တာဝန်ရှိသူများက ကြိုတင်စဉ်းစားပြီး စီမံဆောင်ရွက်ထားကြရန်လိုကြောင်း" ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့ရာ ပူပြင်းခြောက်သွေ့သည့် နွေရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်သည့်အတွက် ရေကို ထိထိရောက်ရောက် သုံးစွဲရေး၊ အဟောသိကံမဖြစ်စေရေး၊ ချွေတာသုံးစွဲရေးတို့ကို အလေးဂရုပြုရတော့မည်ဖြစ်သည်။

စိုက်ပျိုးရေကို ရယူသုံးစွဲရာတွင် ဆည်မြောင်းစနစ်များမှ ရယူသည်ဖြစ်စေ၊ မြေအောက်ရေကို ထုတ်ယူသည်ဖြစ်စေ အလေအလွင့်မဖြစ်စေဘဲ လိုအပ်သလောက်ကိုသာ ရယူ၍ အကျိုးရှိရှိ ထိရောက်စွာသုံးစွဲနိုင်ရန် လိုအပ်သည်။ ရေကို ရယူရာတွင် အလေအလွင့်များပြားခြင်းဖြင့် စွမ်းအင်ပိုမိုသုံးစွဲရသည့်အတွက် ကုန်ကျစရိတ်ပိုမိုများပြားခြင်း၊ ရေအရင်းအမြစ်ဆုံးရှုံးခြင်းအပါအဝင် ဆိုးကျိုးများ ဖြစ်ပေါ်နိုင်ရာ ရေချွေတာနိုင်ရေးအတွက် ကောင်းမွန်သည့် ရေပေးဝေစနစ်ကို ကျင့်သုံးရန်၊ မြေအစိုဓာတ်နှင့် မြေသား၏အရည်အသွေးတို့ ကောင်းမွန်အောင် ထိန်းသိမ်းရန်၊ သီးနှံတစ်မျိုးတည်း မစိုက်ဘဲ သီးလှည့်စိုက်ပျိုးရန် ပညာရှင်များက အကြံပြုထားသည်။

ယခုအခါ ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုပြောင်းလဲမှုနှင့်အတူ အဖိုးတန်ရေသယံဇာတများကိုလည်း တန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လာသည်။ ယခုကဲ့သို့ ပူပြင်းခြောက်သွေ့သည့်ရာသီတွင် မိုးတွင်းကာလက ရေဝင်နည်းခဲ့သည့်ဆည်များ၊ မြေအောက်ရေချိုများ စသည်တို့ကို အလေအလွင့်မရှိ သုံးစွဲနိုင်ရန် နည်းပညာအခြေခံသည့် ရေပေးဝေမှုစနစ်များဖြင့် အကျိုးရှိဆုံးသုံးစွဲကာ လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုမြင့်မားရေး ဆောင်ရွက်နိုင်ပါစေကြောင်း။ ။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေဟောင်းသမိုင်းဝင် မွေတော်ကက္ကူစေတီတော်နှင့် တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် အဖွဲ့ဝင်များ ရွှေဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် မတ် ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့ နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ ရွှေဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားသို့ သွားရောက် ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် ဇနီး၊ အဖွဲ့ဝင်များသည် မြောက်ဘက်အာရုံခံအတွင်းရှိ ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးများ ကပ်လှူပူဇော်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ရွှေဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ကျော်ဆန်းနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

## ထိန်းသိမ်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေဟောင်းသမိုင်းဝင် မွေတော်ကက္ကူ ဘုရားသို့ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးလာ ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ဆက်လက်၍ ဘုရားပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှု၍ စေတီတော်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ဘုရားပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန် လိုအပ်မှုတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ယမန်နေ့ ညပိုင်းကလည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

## ဖူးမြော်ကြည်ညို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြသည်ကို တွေ့ရစဉ်။

*စာမျက်နှာ ၃ မှ*

ယင်းနောက် စေတီတော်မြတ်ကြီးပေါ်ရှိ ရှုခင်းသာ view point မှတစ်ဆင့် တောင်ကြီးမြို့၏ အလှအပများကို ကြည့်ရှုကာ တောင်ကြီးမြို့ရှိ သဘာဝအရင်းအမြစ်များ မပျောက်ပျက်ရန်နှင့် ရေရှည်တည်တံ့ ခိုင်မြဲမှုရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးကိုကို မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း

**နေပြည်တော် မတ် ၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်မြို့ လင်ဂျူးတောင် ဗုဒ္ဓသာသနာပြုအဖွဲ့ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကုသလအား ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းနှင့် နေပြည်တော်၊ ဆရာတော် ဘဒ္ဒန္တကုသလက ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် အလယ်တောရဓမ္မဝိဇယသာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၁) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်မြို့ လင်ဂျူးတောင် ဗုဒ္ဓသာသနာပြုအဖွဲ့ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုသလအား မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း၍ ဆရာတော်က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးအတွက် အလှူငွေ အမေရိကန်ဒေါ်လာ ၂၀၀၀၀ နှင့် ဆရာတော်ကြီး၏ ဒကာ Mr. Wang Chang I က မြန်မာငွေကျပ်သိန်း ၅၀ လှူဒါန်းသည်။ ထပ်မံ၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ယူဆောက်လုပ်လျက်ရှိသော အလယ်တောရဓမ္မဝိဇယသာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးအတွက် မြန်မာငွေကျပ်သိန်း ၂၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ဆက်ကပ်သည်။

ထို့နောက် ဆရာတော်ဘဒ္ဒန္တကုသလက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့်အတွက် ဝမ်းမြောက် ဂုဏ်ယူကြောင်း ဩဝါဒမိန့်ကြားပြီး အခမ်းအနားတက်ရောက်သူများက လှူဒါန်းမှုအစုစုတို့အတွက် ဝမ်းမြောက်နုမောဒနာသာဓုခေါ်ဆိုကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တကုသလနှင့်အဖွဲ့သည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားလျက်ရှိသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်၍ ရုပ်ပွားတော်ကြီး တည်ဆောက်နေမှု၊ ဂန္ဓကုဋီတိုက်နှင့် ပါဠိအက္ခရာ၊ ရိုမန်အက္ခရာနှစ်ဘာသာဖြင့် ရေးထိုးထားသည့် ပိဋကတ်သုံးပုံကျောက်စာရုံများအား လှည့်လည်ကြည့်ရှု ဖူးမြော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## နေပြည်တော်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ လှူဒါန်း

**နေပြည်တော် မတ် ၇**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများသို့ ဆွမ်းကွမ်း အခက်အခဲ မရှိစေရေးအတွက် ဆွန်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် အခြားလှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆက်ကပ်လှူဒါန်းလျက်ရှိရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးကိုနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဒက္ခိဏသီရိမြို့နယ် ရွှေဝါမြိုင်ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပခုက္ကူတိုင်းဒေသကြီးအတွင်း သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**ပခုက္ကူ မတ် ၇**

ပခုက္ကူတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ပခုက္ကူမြို့ ဗုဒ္ဓအသံ ဓမ္မဗိမာန်တော်ကြီး၌ မတ် ၅ ရက်က ပခုက္ကူတိုင်းဒေသကြီးအတွင်းမှ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနား ကျင်းပသည်။



ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် ပခုက္ကူတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များနှင့် သီလရှင်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မြို့မစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဂန္ဓမာ မဟာထေရ်မြတ်ထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသော ဒါယကာ ဒါယိကာမများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပခုက္ကူမြို့ပန်းလှိုင်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တရာဇိန္ဒမထေရ်မြတ်က သမ္ဗောဒနီယ ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ နယ်မြေခံတပ်မဌာနချုပ် တပ်မမှူး၊ အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ဇနီးတို့က ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပေးအပ်ကြသည်။

ဆက်လက်၍ ပခုက္ကူတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် (ရွှေကျင်) အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥက္ကံသမဟာထေရ်မြတ်ထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ် အမှူးပြုသော ဒါယကာ ဒါယိကာမများက အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေသည်။

ပခုက္ကူတိုင်းဒေသကြီးအတွင်းမှ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိသည့် ရဟန်း၊ သံဃာ ၃၆ ပါး၊ သီလရှင်လေးပါးနှင့် လူပုဂ္ဂိုလ် သုံးဦးတို့ ရရှိကြကြောင်း သိရသည်။

**တင်စိုး(ပခုက္ကူ)**

## သံတွဲမြို့နယ် ငပလီကမ်းခြေ၌ သဲပုံစေတီပွဲတော်ကျင်းပ

**သံတွဲ မတ် ၇**

ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ မြန်မာ့ယဉ်ကျေးမှု ဓလေ့တစ်ခုဖြစ်သည့် တပေါင်းလ သဲပုံစေတီပွဲတော်ကို ယမန်နေ့ ညနေပိုင်းက ငပလီကမ်းခြေ Public Area တွင် ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ သဲပုံစေတီပွဲတော်ကို နမောတဿ သုံးကြိမ်ရွက်ဆို ဘုရားကန်တော့ပြီး ရခိုင်မင်္ဂလာစည်တော်တီး၍ ဖွင့်လှစ်ပေးကြသည်။ ယခုကျင်းပသည့် သဲပုံစေတီပွဲတော်တွင် ပြိုင်ပွဲဝင်အသင်း ၂၄ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည့်အပြင် လာရောက်ကုသိုယ်ယူ တည်ထားပူဇော်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ အဆိုပါ သဲပုံစေတီပွဲတော်ကို စင်တော်ကောက်ကုမ္ပဏီ မန်နေးဂျင်း ဒါရိုက်တာ ဦးသိန်းရွှေ မိသားစုက ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်များကို ဆုများ ချီးမြှင့်ပေးသည့်အပြင် ပွဲတော်လာ ဧည့်ပရိသတ်များကိုလည်း စတုဒိသာဧည့်ခံခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**








**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် အဖွဲ့ဝင်များအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း က ရှင်းလင်းတင်ပြစဉ်။**

❑ *ရှေ့ဖုံးမှ*

ထင်ရှားသော ဘဝသံသရာ ရထားလမ်းတံတားပုံစံအတိုင်း တည်ဆောက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အကျိုးရှိစေမည့်စီမံကိန်း**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရထားလမ်း သယ်ယူပို့ဆောင်ရေးသည် ဒေသအတွက် များစွာအကျိုးရှိစေမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ယခုရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းကို သာမန် ခရီးသွားပြည်သူများ သွားလာအသုံးပြုနိုင်ရန်၊ ကုန်စည်များ ပိုမိုကူးသန်းရောင်းဝယ်နိုင်ရန်၊ ဒေသတွင်းရှိ တွင်းထွက်ပစ္စည်းများနှင့် ထုတ်ကုန်ပစ္စည်းများ ပိုမိုကူးသန်းရောင်းဝယ်နိုင်ရန်၊ ခရီးသွား ပြည်သူများကို ဆွဲဆောင်နိုင်ရန် ရည်ရွယ်ကြောင်း၊ နောက်ပိုင်းတွင် ပအိုဝ်းဒေသအထိ တိုးချဲ့ပြေးဆွဲနိုင်ရေး ရည်ရွယ်ကြောင်း၊ သံလမ်းခင်းရာ၌ လမ်းခင်းကျောက်ထည့်သွင်းမှု၊ တံတားများ ထည့်သွင်းတည်ဆောက်မှုတို့ကို သတ်မှတ်အရည်အသွေး နှုန်းထားများအတိုင်း ပြည့်မီစွာ ခင်းကျင်းရန်လိုကြောင်း၊ လုပ်ငန်းလျင်မြန်စွာ ပြီးစီးစေရေးကိုသာ ဦးစားပေး ဆောင်ရွက်ခဲ့ပြီး အရည်အသွေး ပြည့်မီမှုမရှိခြင်းများ မဖြစ်စေလိုကြောင်း၊ ဘဝသံသရာ ရထားလမ်းအတိုင်း စနစ်တကျ တည်ဆောက်ရန်လိုကြောင်း၊ ကားလမ်းများအနီးတွင်ရှိသည့် ရထားသံလမ်းပိုင်းနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေး အကာအရံဆောင်ရွက်ပေးရန်လိုကြောင်း၊ မြေထိန်းနံရံ (Toe Wall) များ၊ ရေကာနံရံများနှင့် ရေထုတ်ပြွန်များ၊ ရေထုတ်မြောင်းများကိုလည်း စနစ်တကျ ထည့်သွင်း ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

**ချီးမြှင့်ငွေများပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းရေိယာအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ပြီး စီမံကိန်း ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း ၂၀၂၅ ခုနှစ် မတ်လတွင် စတင်စမ်းသပ်ဓာတ်အားထုတ်လုပ်နိုင်ရေး အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် မတ် ၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၏ တောင်ဘက် မိုင် ၂၀ ခန့်အကွာ ဒုဋ္ဌဝတီမြစ် (မြစ်ငယ်မြစ်)ပေါ်တွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ် (၃) တည်ဆောက်ရေးမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရှုရပ်မှနေ၍ ပင်မတာမံ မြေကြီး / ကျောက်သားတူးဖော်ခြင်းနှင့် ခိုင်ခံ့မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**





ထို့နောက် စီမံကိန်း ရှင်းလင်းဆောင်တွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်နှင့် တည်ဆောက်ရေးညွှန်ကြားရေးမှူး ဦးနေလင်းတို့က စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်း၏ အဓိကလုပ်ငန်းကြီးများဖြစ်သည့် ရေလွှဲဥမင်လိုဏ်လုပ်ငန်း၊ မြစ်ရေ လွှဲခြင်းလုပ်ငန်း၊ ပင်မတာမံလုပ်ငန်း၊ ရေပိုလွှဲလုပ်ငန်း၊ ရေယူအဆောက်အအုံလုပ်ငန်း၊ ရေသွယ်ဥမင်လိုဏ်လုပ်ငန်း၊ ဖိအားမြင့်သံမဏိပိုက်လိုင်းလုပ်ငန်းနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍လည်းကောင်း၊ ကုမ္ပဏီတာဝန်ရှိသူက ပင်မတာမံလုပ်ငန်းတွင် RCC ကွန်ကရစ်ဖျော်စပ်၊ သယ်ပို့ခြင်းလုပ်ငန်း ဆောင်ရွက်မည့် အစီအမံများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပင်မတာမံ ကွန်ကရစ်သွန်းလောင်းခြင်းလုပ်ငန်းများအား ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားရန်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးနိုင်ရေးနှင့် ၂၀၂၅ ခုနှစ် မတ်လတွင် စတင်စမ်းသပ် ဓာတ်အားထုတ်လုပ်နိုင်ရေး အလေးအနက်ထား၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စီမံကိန်း ပင်မတာမံလုပ်ငန်းခွင်တွင် RCC ကွန်ကရစ်သွန်းလောင်းရန် လိုအပ်သော စက်/ယာဉ်/ယန္တရား၊ စက်ပစ္စည်းကိရိယာများ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေနှင့် RCC ပင်မတာမံအတွက် အကြိုတည်ဆောက်မှု လုပ်ငန်းများဖြစ်သည့် အောက်ခံကွန်ကရစ်လုပ်ငန်း သွန်းလောင်းပြီးစီးမှုနှင့် တာမံအုတ်မြစ်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ ရေယူအဆောက်အအုံ ကွန်ကရစ်သွန်းလောင်းနေမှု အခြေအနေနှင့် ရေသွယ်ဥမင်လိုဏ်၏ Transition Zone ကွန်ကရစ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု အခြေအနေ၊ ဓာတ်အားပေးစက်ရုံ၏ မြေကြီး/ကျောက်သား တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ရေသွယ်ဥမင်လိုဏ်နှစ်လုံးတို့၏ လိုင်နင်ကွန်ကရစ် သွန်းလောင်းပြီးစီးမှု အခြေအနေ၊ သိုလှောင်ရုံဝင်းအတွင်း စက်ပစ္စည်းများ ရောက်ရှိ နေရာချထားမှု၊ ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသည် ဒုဋ္ဌဝတီမြစ် (မြစ်ငယ်မြစ်) ပေါ်တွင် ရေလှောင်တာမံ တည်ဆောက်ပြီး ၇၀ မဂ္ဂါဝပ်ရှိ ဒေါင်လိုက်ဖရန်စစ်တာဘိုင်အမျိုးအစား ဓာတ်အားပေး စက် လေးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၂၈၀ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၄၀၉ သန်း ထုတ်လုပ်ပြီး နိုင်ငံတော်ဓာတ်အားကွန်ရက်စနစ်မှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းဖြစ်သည်။ တည်ဆောက်မည့် ပင်မတာမံ အမျိုးအစားမှာ RCC ကွန်ကရစ်တာမံဖြစ်ပြီး မြန်မာနိုင်ငံတွင် တတိယမြောက် တည်ဆောက်မည့် RCC ကွန်ကရစ်တာမံဖြစ်သည်။ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၅၃ ဒသမ ၂၂ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံးအစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ ပြည်နယ်/ခရိုင်/ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာများ၊ မြို့လျှပ်စစ်မှူးများ၊ မဟာဓာတ်အားလိုင်းမှူး၊ ဓာတ်အားခွဲရုံမှူးနှင့် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံပွဲတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

## လက်ဖက်နှင့်ကော်ဖီများကို ပိုမိုတိုးချဲ့စိုက်ပျိုးပြီး စနစ်တကျဆောင်ရွက်မည်ဆိုပါက ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်

နေပြည်တော် မတ် ၇

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား တောင်ကြီးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒေါက်တာ ကျော်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှမိုး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME) များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အကြီးစား၊ အလတ်စားနှင့် အငယ်စား စက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သီးနှံများ ထုတ်လုပ်လျက်ရှိမှု၊ စက်မှုဇုန်များအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်လုပ်မှုသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိမှု၊ တန်ဖိုးမြှင့် စီးပွားရေးထုတ်ကုန်များ ထုတ်လုပ်လျက်ရှိမှု၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Village One Product) များဆောင်ရွက်လျက်ရှိမှု၊ ထုတ်ကုန်ပြပွဲများကျင်းပပေးနိုင်မှု၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများအတွက် ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးထားမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် MSME လုပ်ငန်းရှင်များက ဆွေးနွေးတင်ပြကြရာ "လွယ်မွေ" ကုမ္ပဏီလီမိတက်မှ ဦးအောင်ဝင်း၊ "မိုးကောင်းကင်" ကယားဝက်အူချောင်း လုပ်ငန်းမှ ဒေါ်ခိုင်စိုးသူ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးခင်အောင်၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါက်တာ စိုင်းလုံ၊ "SHAN Orchard" ထောပတ်ဆီ ထုတ်လုပ်မှု လုပ်ငန်းမှ ဦးမျိုးသက်လွင်နှင့် တက်ရောက်လာကြသူများက ဒေသထွက် မိရိုးဖလာစားသောက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိမှုနှင့် ပြည်ပဈေးကွက်ဖြန့်ချိရေးနှင့် ကုန်ထုတ်လုပ်မှုများ ပိုမိုတိုးတက်အောင် ထုတ်လုပ်နိုင်ရန်အတွက် ဖြေရှင်းရမည့်ကိစ္စရပ်များ၊ ရှမ်းပြည်နယ်မှ ထွက်ရှိသည့် သစ်သီးဝလံနှင့် ပန်းမန်များကို ပြည်ပနိုင်ငံများသို့ ထုပ်ပိုးတင်ပို့ရောင်းချလျက်ရှိမှု၊ အဓိကထွက်ကုန်ဖြစ်သည့် ထောပတ်စိုက်ပျိုးမှုများကို တိုးချဲ့စိုက်ပျိုးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးချဲ့ထုတ်လုပ်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု ချေးငွေများ လိုအပ်လျက်ရှိမှု၊ ထောပတ်သီးများကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန်အတွက် နိုင်ငံတော်မှ G to G စနစ်ဖြင့် ဆောင်ရွက်ပေးစေလိုမှု၊ သစ်သီးများကို တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်လိုအပ်မှု၊ မွေးမြူရေးလုပ်ငန်းများအတွက် သုတေသနပြုခြာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရာတွင် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးစေလိုမှုနှင့် လုပ်ငန်းတိုးချဲ့ရေးအတွက် မြေနေရာရရှိနိုင်ရေး၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်မှုလမ်းများနှင့် လျှပ်စစ်မီး လိုအပ်ချက်ရှိမှု၊ နောင်တရားဒေသတွင်း စိုက်ပျိုးဖြစ်ထွန်းသည့် အာလူးစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးစေလိုမှု၊ ပုဂ္ဂလိကဆေးရုံများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးစေလိုမှု၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဆန်စက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စပါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည့် နည်းပညာများနှင့် အရင်းအနှီးများ ကူညီပေးစေလိုမှု၊ အင်းလေးဒေသရှိ ဇီဝမြေဩဇာ ထုတ်လုပ်မှုလုပ်ငန်း အောင်မြင်မှုရှိစေရေးအတွက်

*စာမျက်နှာ ၇ သို့*

- ❑ **စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် ခိုင်မာပြီး သေချာမှုရှိသည့် လုပ်ငန်းတစ်ခုပင်ဖြစ်**
- ❍ **မိမိတို့နိုင်ငံတွင် နို့နှင့်နို့ထွက်ပစ္စည်းများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရပြီး နို့စားနွား မွေးမြူရေးလုပ်ငန်းများကို ပြည်တွင်း၌ စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှ တင်သွင်းနေရမှုများ များစွာလျော့ကျသွားမည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲနေရမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်**
- ❖ **နို့စားနွား မွေးမြူရေးလုပ်ငန်းများကို ရှမ်းပြည်နယ်အတွင်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုပါက နို့ထွက်ပစ္စည်း အများဆုံးထုတ်လုပ်နိုင်သည့် ပြည်နယ်တစ်ခုဖြစ်လာမည်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ပြကွက်တစ်ခုချင်းစီအလိုက် လေ့လာစဉ်။

*စာမျက်နှာ ၆ မှ*

ဆောင်ရွက်ပေးစေလိုမှုတို့ကို အသီးသီး တင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

## ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ အာလူးစိုက်တောင်သူများအတွက် ဒေသနှင့်ကိုက်ညီသည့် အာလူးမျိုးများရရှိရေး၊ စပါးစိုက် တောင်သူများအတွက် မျိုးကောင်း မျိုးသန့်များ ရရှိရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ စိုက်ပျိုးမြေများ ရရှိလိုမှု၊ လုပ်ငန်းအတွက်ချေးငွေများ ရရှိလိုမှုတို့နှင့် ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြလျှောက်ထားနိုင်ပြီး မှန်မှန်ကန်ကန်ဆောင်ရွက်ရန် လိုအပ်မှု၊ လုပ်ငန်း တိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အတွက် လုပ်ငန်းအလိုက် အတိုးနှုန်းသက်သာသည့် ချေးငွေများ ရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားစေရေး၊ ဝင်ငွေတိုးပွား စေရေးတို့အတွက် သမဝါယမ အသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့် စက်ကိရိယာများ၊ အရင်းအနှီးများ မတည်ဆောင်ရွက် ပေးလျက်ရှိမှု၊ မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ သွင်းအားစုများ ရရှိရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ လက်အောက်ရှိ နယ်မြေခံဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားပေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် စက်မှုမှတ်ပုံတင်ခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ တရားမဝင်ကုန်စည်စီးဆင်းမှုများသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို များစွာထိခိုက်စေနိုင်သောကြောင့် တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးလျက်ရှိသကဲ့သို့ အားလုံးဝိုင်းဝန်းတိုက်ဖျက်ကြရန် လိုအပ်မှု၊ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေး လိုအပ်သည့် နည်းပညာနှင့် စက်ကိရိယာများကူညီဆောင်ရွက်ပေးသွားမည် ဖြစ်သဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ စားသောက်ကုန်များ၏ အရည်အသွေးစစ်ဆေး၍ FDA လက်မှတ်များ ထုတ်ပေးလျက်ရှိမှုနှင့် သင်တန်းများ ပို့ချဆောင်ရွက်ပေးလျက်ရှိမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး ပြန်လည်ဆွေးနွေးပြောကြားကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် အလေးထားမှတ်သား၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

## အစားအသောက်လုံခြုံရေးနှင့် ပတ်သက်၍ ဖြည့်စွက်မှာကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် လုပ်ငန်းရှင်များအသီးသီး၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများက အသီးသီး ပြန်လည်ဆွေးနွေးပြီး ဖြစ်ကြောင်း၊ စားသောက်ကုန်နှင့် ပတ်သက်၍ ပြည်ပမှ ဝင်ရောက်လာသည့် တရားဝင် စားသောက်ကုန်များ၊ ပြည်တွင်းမှ ထုတ်လုပ်သည့် စားသောက်ကုန်များ အမျိုးမျိုးရှိကြပြီး အစားအသောက်လုံခြုံရေး (Food Security) ကို အလေးထားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစားအသောက် ထုတ်ကုန်များနှင့် ပတ်သက်၍ FDA စည်းကမ်း၊ ခွင့်ပြုချက်များရရှိရန် သတ်မှတ်အရည်အသွေးများ ပြည့်မီရန်လိုကြောင်း၊ မိမိထုတ်လုပ်သည့် စားသောက်ကုန်များ၏ အရည်အသွေး မပြည့်မီမှုများကြောင့် စားသုံးသူများ ဘေးအန္တရာယ်ဖြစ်ပွားမှု မရှိစေရေး လိုအပ်သည့် စစ်ဆေးမှုများကို စနစ်တကျဖြင့် ခံယူပြီးမှသာ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးကြရမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းထုတ်လုပ်သည့်ရက်၊ ကုန်ဆုံးရက်များကိုလည်း စနစ်တကျ ရိုက်နှိပ်ပေးထားရန်လိုကြောင်းကို ဖြည့်စွက်ပြောကြားလိုကြောင်း။

## ဒေသထုတ်ကုန်များကို အခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အားပေးဆောင်ရွက်

ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များကို တွေ့ဆုံ၍ မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်နိုင်ရန်အတွက် လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရန်၊ စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်အစိုးရလက်ထက်များတွင် နိုင်ငံခြားကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် ပြန်လည်စိစစ်ဆောင်ရွက်ခဲ့ရာ ပြည်တွင်းထုတ်ကုန်များ အားပေးမှု မရှိခြင်းနှင့် ပြည်ပသွင်းကုန်များကို ပိုမိုဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံခြားချေးငွေများကို အဆက်မပြတ်ရယူခဲ့ပြီး ယခုအချိန်တွင် နိုင်ငံခြားချေးငွေများ ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေသေးကြောင်း၊ မိမိတို့ တာဝန်ယူချိန်တွင် တတ်နိုင်သမျှ ပြန်လည်ပေးဆပ်နေရကြောင်း။

နိုင်ငံခြားငွေ ရရှိရန်အတွက် ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် မြေပေါ်မြေအောက်သယံဇာတပစ္စည်းများနှင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများ ရှိကြောင်း၊ သစ်တောကဲ့သို့သော မြေပေါ်သယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲပြီး ပြန်လည်ဖြည့်တင်းစိုက်ပျိုးခြင်း မရှိခြင်းကြောင့် သစ်တောများ ပြုန်းတီးလာမှုများရှိကြောင်း၊ မြေအောက်သယံဇာတများ ထုတ်ယူသုံးစွဲခြင်းကိုလည်း ကုန်ကြမ်းအဖြစ် ထုတ်လုပ်ခြင်းမဟုတ်ဘဲ ကုန်ချောအဖြစ်ထုတ်လုပ်ခြင်းများကိုသာ ခွင့်ပြုပေးလျက်ရှိကြောင်း၊ မြေပေါ်မြေအောက်သယံဇာတများကို ထုတ်ယူသုံးစွဲခြင်းထက် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေသူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုသာ အဓိကထား လုပ်ကိုင်ကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ဆောင်ရွက်ကြရန် အားပေးခဲ့ခြင်းဖြစ်ကြောင်း၊ **စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် ခိုင်မာပြီး သေချာမှုရှိသည့် လုပ်ငန်းတစ်ခုပင်ဖြစ်**ကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ကုန်ကြမ်းပစ္စည်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

မိမိတို့ဒေသမှမဟုတ်ဘဲ အခြားဒေသများမှထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများ၊ ပြည်ပမှ ဝယ်ယူရသည့် ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းသည် ကုန်ထုတ်လုပ်မှုတွင် အကန့်အသတ်ရှိပြီး အခက်အခဲများ ဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ကြောင့် ဒေသမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း။

## မွေးမြူရေး

**မိမိတို့နိုင်ငံတွင် နို့နှင့် နို့ထွက်ပစ္စည်းများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရပြီး နို့စားနွား မွေးမြူရေးလုပ်ငန်းများကို ပြည်တွင်း၌ စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှ တင်သွင်းနေရမှုများ များစွာလျော့ကျသွားမည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲနေရမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်**ကြောင်း၊ ရှမ်းပြည်နယ်သည် နွားမွေးမြူရေး၊ ဝက်နှင့် ကြက်မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် အခြေခံကောင်းများ ရှိသည့် ဒေသဖြစ်ကြောင်း၊ **နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ရှမ်းပြည်နယ်အတွင်း အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုပါက နို့ထွက်ပစ္စည်းအများဆုံးထုတ်လုပ်နိုင်သည့် ပြည်နယ်တစ်ခု ဖြစ်လာမည်**ဖြစ်ပြီး နိုင်ငံအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ကြက်မွေးမြူရေးနှင့် ပတ်သက်၍ ဥစားကြက်များ ပေါများစွာမွေးမြူလျက်ရှိသည်ကိုတွေ့ရှိရပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကိုလည်း တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံ၌ ၂၀၂၀-၂၀၂၂ **ခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုကြောင့် စားရေး အခက်အခဲများ ဖြစ်ပေါ်ခဲ့ချိန်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာ မွေးမြူရေးဇုန်မှ တစ်နိုင်ငံလုံးသို့ ကြက်ဥများ ဖြန့်ဖြူးပေးခဲ့သည့်အတွက် ပြည်သူလူထု၏ စားရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်ပေါ်စေခဲ့သည့်အတွက်လည်း ကျေးဇူးတင်ရှိ**ကြောင်းကို ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံနှင့် နိုင်ငံတကာတွင် အသားလိုအပ်ချက်များစွာရှိကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် တိရစ္ဆာန်အစာများကို အသုံးပြု၍ ပြည်တွင်း အသားထုတ်လုပ်မှုများကို တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှုကို ဖူလုံစေရုံသာမက ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ အသားထုတ်လုပ်မှုများမှ တစ်ဆင့် စက်မှုထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဖြစ်ပြီး မွေးမြူရေးကို စနစ်တကျ ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

အလားတူ ဝက်မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဆောင်ရွက်၍ အသားထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ထွက်ရှိသည့် သစ်သီးဝလံများနှင့် အသားများကို ကျယ်ကျယ်ပြန့်ပြန့် တင်ပို့ရောင်းချနိုင်ရန်အတွက် ဟဲဟိုးလေယာဉ်ကွင်းကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် အားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါတွင် ကုန်သွယ်မှုလိုငွေများ ထိုက်သင့်သလောက် တိုးတက်လာပြီ ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေများရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

## စိုက်ပျိုးရေး

စပါး စိုက်ပျိုးမှုများ ဆောင်ရွက်ရာတွင် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင် စိုက်ပျိုးရန်လိုကြောင်း၊ တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ပြီး စီးပွားရေးမြှင့်တင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်

*စာမျက်နှာ ၈ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြား

**နေပြည်တော် မတ် ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကျောက်တလုံးကြီးမြို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်တလုံးကြီးမြို့သို့ ရောက်ရှိကြရာ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) မှ ဦးခွန်မြင့်အောင်၊ ဦးခွန်အောင်ခမ်း၊ ဦးခွန်နေဝင်းထွန်းနှင့် တာဝန်ရှိသူများ၊ ဒေသခံ ပအိုဝ်းတိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

**အားပေးစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပအိုဝ်းအမျိုးသားခေါင်းဆောင်၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) နာယက ဦးအောင်ခမ်းထီ နေအိမ်သို့ ရောက်ရှိကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ပအိုဝ်းအမျိုးသားခေါင်းဆောင်၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) နာယက ဦးအောင်ခမ်းထီအား ကျန်းမာရေးအခြေအနေများ မေးမြန်းအားပေးစကားပြောကြားစဉ်။

ဦးအောင်ခမ်းထီ၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

**တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး**

တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူအများနှင့် ဒေသအကျိုးကို ဖြစ်ထွန်းစေမည့် လုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်စေလိုကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒေသတွင်းရှိ ပြည်သူများအားလုံး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဒေသတွင်း ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ပမာဏများများဖြင့် စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်သည့် ကုန်ထုတ်လုပ်မှုမျိုး ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်၍လည်း ဝက်၊ နွား၊ ကြက် စသည့် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် အောင်မြင် ဖြစ်ထွန်းအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပအိုဝ်းဒေသမှထွက်ရှိသည့် ထောပတ်သီးသည် အရည်အသွေး ကောင်းမွန်သည့်အတွက် စိုက်ပျိုးမှုများကို ပိုမိုမြှင့်တင် ဆောင်ရွက်စေလိုကြောင်း၊ အလားတူ ဒေသတွင်း ကောင်းမွန်စွာ ထွက်ရှိသည့် ကြက်သွန်၊ အာလူး၊ လက်ဖက်ကဲ့သို့သော စိုက်ပျိုးရေးထုတ်ကုန်များမှ တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရေး စဉ်းစားဆောင်ရွက်ကြ စေလိုကြောင်း၊ ဒေသရှိ မြေပေါ်မြေအောက် သယံဇာတများကို လွယ်လွယ်ကူကူ ထုတ်ယူသုံးစွဲခြင်းများကို

*စာမျက်နှာ ၉ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပအိုဝ်းအမျိုးသားခေါင်းဆောင်၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) နာယက ဦးအောင်ခမ်းထီအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

---

*စာမျက်နှာ ၇ မှ*

အနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မြေဩဇာများရရှိရေးအတွက်လည်း ဒေသတွင်း မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိထားသည့် ဇီဝမြေဩဇာများကို အကျိုးရှိရှိအသုံးချမည်ဆိုပါက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ကျွဲနှင့်နွားများကို စနစ်တကျလှောင်မွေးခြင်းဖြင့် အသားထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းများ ကောင်းမွန်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို အခြေခံသည့် ထွက်ကုန်ပစ္စည်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ ရှမ်းပြည်နယ်အတွင်းမှ ထွက်ရှိသည့် လက်ဖက်၊ ကော်ဖီများသည် နိုင်ငံတကာဈေးကွက်ဝင် ပစ္စည်းများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် အဆိုပါ လက်ဖက်နှင့် ကော်ဖီများကို ပိုမိုတိုးချဲ့စိုက်ပျိုးပြီး ကုန်ထုတ်လုပ်မှုများကို စနစ်တကျ ဆောင်ရွက်မည်ဆိုပါက ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်သဖြင့် ဒေသအတွက်သာမက နိုင်ငံတော်အတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးရေးနှင့် ပတ်သက်၍ Eating quality ကောင်းမွန်သည့် စပါးမျိုးများ စိုက်ပျိုးရန်လိုကြောင်း၊ ဒေသမှထွက်ရှိသည့် စားသောက်ကုန်များကိုလည်း အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက ဈေးကွက်ရရှိမည်ဖြစ်ကြောင်း၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ အရည်အသွေးကောင်းမွန်စွာဖြင့် လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေ သုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

**လျှပ်စစ်ဓာတ်အား လိုအပ်ချက်အား တစ်ဖက်တစ်လမ်းမှ အထောက်အကူရရှိရေး**

ရှမ်းပြည်နယ်အတွင်း စပါးကြိတ်ခွဲမှုများမှ စပါးခွံများ များစွာထွက်ရှိလျက်ရှိကြောင်း၊ ထွက်ရှိလာသည့် စပါးခွံများကို အသုံးပြု၍ စပါးခွံလောင်စာသုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို မိမိတို့ဒေသအလိုက် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်မည် ဆိုပါက ကုန်ထုတ်လုပ်မှု လုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

**MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေရခြင်းမှာ တိုင်းပြည်၏ စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်း ထုတ်ကုန်များ တင်ပို့နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်**ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် သွင်းအားစုများ လိုအပ်ကြောင်း၊ သွင်းအားစုများရရှိရေးအတွက်လည်း ကြိုးပမ်းအားထုတ်ကြရန်လိုကြောင်း။

**စုပေါင်းသမဝါယမစနစ်**

ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်၍ သမဝါယမစနစ်ဖြင့် သွားသည့် ကုန်ထုတ်လုပ်မှုကို သွားနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ယခင်က သမဝါယမစနစ်ကို ကျင့်သုံးခဲ့ပြီး အချို့ဖွံ့ဖြိုးပြီး နိုင်ငံများတွင်လည်း သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ **သမဝါယမစနစ်ကို ကျင့်သုံးခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပြီး စုပေါင်းသမဝါယမစနစ်ကို ကျင့်သုံး၍ ဆောင်ရွက်ကြရန်လို**ကြောင်း၊ အရင်းအနှီးနှင့် ပတ်သက်၍ နိုင်ငံတော်မှ လိုအပ်သည့် ရင်းနှီးမတည်ငွေများကို ထုတ်ချေးပေးလျက်ရှိပြီး ချေးငွေတွင် Developing ချေးငွေနှင့် Commercial ချေးငွေဟူ၍ ရှိကြောင်းနှင့် ချေးငွေအမျိုးအစားအလိုက် အတိုးနှုန်းများ ကွာခြားသွားမည်ဖြစ်ကြောင်း၊ အရင်းအနှီးမတည်ငွေများနှင့် ပတ်သက်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ထုတ်ချေးပေးလျက်ရှိပြီး ချေးငွေများ ရယူရာတွင်လည်း မိမိတို့ တတ်နိုင်သလောက်သာ ချေးယူရန်နှင့် သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီရန် လိုကြောင်း။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ရှောင်ရှားပြီး ရေရှည်အကျိုးရှိမည့် လုပ်ငန်းများကို လုပ်ဆောင်စေလိုကြောင်း၊ ဒေသတွင်းရှိ သစ်ပင်သစ်တောများကိုလည်း ထိန်းသိမ်းရန် လိုအပ်ပြီး ရွှေ့ပြောင်းတောင်ယာများ စိုက်ပျိုးခြင်းထက် ကုန်းမြင့်လယ်ယာစနစ်ကို ပိုမိုအားပေး ဆောင်ရွက်ကြစေလိုကြောင်း၊ ပအိုဝ်းဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သမဝါယမစနစ်ဖြင့် ထိထိရောက်ရောက် ဆောင်ရွက်မည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ပအိုဝ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့် တပ်မတော်မှ လိုအပ်သည်များကိုကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဆက်လက်၍လည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) နာယက ဦးအောင်ခမ်းထီအား စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ဒေသထွက်လက်ဆောင်ပစ္စည်းများနှင့် ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

**ဖူးမြော်ကြည်ညို**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်တလုံးကြီးမြို့ ဗိုလ်ပန္နကုန်းတော်တွင် တည်ထားကိုးကွယ်ထားရှိသည့် မဟာဝံသဗုဒ္ဓဂယာစေတီတော်သို့ သွားရောက် ဖူးမြော်ကြည်ညိုပြီး ပန်း ရေချမ်း ဆီမီး ကပ်လှူပူဇော်သည်။

**ဘက်စုံအလှူငွေများ ပေးအပ်**

ယင်းနောက် စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ညွန့်မောင်နှင့် အဖွဲ့ဝင်များက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ဓမ္မလက်ဆောင်များ ပေးအပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများ ပြန်လည်ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီး အထက်ပစ္စယံရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကာ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ကြည်ညိုခဲ့ကြောင်းနှင့် စေတီတော် ရေရှည်တည်တံ့ခိုင်မြဲရေး၊ ကြည်ညိုသပ္ပာယ်ဖွယ် ဖြစ်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောက်တလုံးကြီးမြို့ ဗိုလ်ပန္နကုန်းတော်တွင် တည်ထားကိုးကွယ်ထားရှိသည့် မဟာဝံသဗုဒ္ဓဂယာစေတီတော်အား လှည့်လည်ကြည်ညိုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာဝံသဗုဒ္ဓဂယာစေတီတော်ကြီး အထက်ပစ္စယံရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၈ မှ*

**လူသားအရင်းအမြစ်ကောင်းများရရှိရေး ပညာရေး အားပေးဆောင်ရွက်**

နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အဆင့်မီစွာ ဆောင်ရွက်နိုင်ရန် လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ပေါကြွယ်ဝစေရေး ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အတန်းပညာများရှိမှသာ မိမိတို့ဘဝရပ်တည်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရေးသည် နိမ့်ကျလျက်ရှိနေသေးသည်ကို တွေ့ရှိရပြီး ရှမ်းပြည်နယ်အတွင်း၌လည်း ပညာရေးတန်းစဉ်ကူးပြောင်းမှုနှုန်း နည်းပါးနေသေးသည့်အတွက် ပညာရည်မြင့်မားရေးကို ဝိုင်းဝန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ **ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သည်များ ဆောင်ရွက်ပေးရန်မှာ အစိုးရ၏ တာဝန်ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သည် တစ်ဦးချင်း၏ ကြိုးစားအားထုတ်မှုဖြင့်သာ သက်ဆိုင်သည်ဖြစ်**သဖြင့် အခြေခံလိုအပ်ချက်ဖြစ်သည့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေးကို အားပေးမှသာလျှင် ဒေသနှင့်နိုင်ငံ၏ လူသားအရင်းအမြစ်များသည်လည်း ပေါကြွယ်ဝလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဦးတစ်ယောက်ချင်းမှစ၍ ပညာရေးကို အလေးထားအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ သင်ကြားတတ်မြောက်ထားသည့် ပညာရပ်များအလိုက် လူမှန်နေရာမှန်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အတွင်း လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပုဂ္ဂလိကပညာသင်ကြားရေးတွင်လည်း ပညာသင်ကြားမှုများ နစ်နာမှုမရှိစေရေး စနစ်တကျဆောင်ရွက်ရန် လိုကြောင်း၊ အချို့သော ကိုယ်ပိုင်ကျောင်းများ အနေဖြင့် ငွေကြေးကောက်ခံမှုများ များပြားလျက်ရှိသည်ကို စိစစ်တွေ့ရှိရပြီး ပညာရည်သင်ကြားရေးအတွက် မှန်မှန်ကန်ကန် ဖြစ်စေလိုကြောင်း။

**ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး**

ရှမ်းပြည်နယ်သည် ခရီးသွားလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အခြေခံကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ **တောင်ကြီးမြို့တွင် မီးပုံးပျံပွဲကို အစဉ်အလာဖြင့် နှစ်စဉ်ကျင်းပလျက်ရှိပြီး ပြည်တွင်းပြည်ပမှ စိတ်ဝင်စားသည့် ပွဲတော်တစ်ခုဖြစ်**ကြောင်း၊ အလားတူ **အင်းလေးဒေသသည်လည်း ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် နေရာဒေသတစ်ခုဖြစ်**ကြောင်း၊ ထို့ကြောင့် ခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်ရန်အတွက် ဒေသထွက် အစားအစာများကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးကိုလည်း ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ ကလော၊ အောင်ပန်းဒေသကို ကျန်းမာရေးစောင့်ရှောက်မှုဒေသအဖြစ် ဆောင်ရွက်ရန် ရည်မှန်းထားကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်၍ ဆောင်ရွက်နိုင်ပြီး မိမိတို့အနေဖြင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသထုတ်ကုန်ပစ္စည်းများ ထုပ်ပိုးမှုစနစ်ကောင်းမွန်မှသာ ဝယ်ယူသူကို ပိုမိုဆွဲဆောင်မှု ရှိနိုင်မည်ဖြစ်ကြောင်း၊ Quality ကောင်းအောင်ဆောင်ရွက်ရာတွင် အမြင်၊ အနံ့နှင့် ထုပ်ပိုးမှုများကောင်းမွန်အောင် ဆောင်ရွက်ရန် အကြံပြုလိုကြောင်း၊ သို့မှသာ ထုတ်ကုန်ပစ္စည်းများကို ပိုမိုရောင်းချနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးတိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှု ထုတ်ကုန်များ၊ အဝတ်အထည်များစသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစား လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှု အခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ ကျောဖုံးမှ

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုတို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ ဒုတိယအတွင်းဝန် Ms. Reeta Meena လည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar အား လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနများနှင့် ကျောင်းဆောင်များ လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီးရှိ အခြေခံပညာအထက်တန်း စာစစ်ဌာနများနှင့် ကျောင်းဆောင်များသို့ လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ပြည်ထောင်စု ဝန်ကြီးသည် ဦးစွာ ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက် အခြေခံပညာအထက်တန်းကျောင်း၊ ပန်းတနော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကန်ကြီးထောင့်မြို့နယ် တကုန်းကြီး အခြေခံပညာအထက်တန်းကျောင်းများရှိ စာစစ်ဌာနများသို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ စာမေးပွဲ ကြီးကြပ်ရေးမှူးများနှင့် တာဝန်ကျ ဆရာ ဆရာမများအနေဖြင့် စာမေးပွဲစည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့ကျရာ တာဝန်



အခန်းကဏ္ဍအလိုက် ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ စာမေးပွဲ ဖြေဆိုစဉ်အတွင်း စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် အလေးထားဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း မှာကြားသည်။

ယင်းနောက် စာသင်ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်း၏ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် စာသင်ဆောင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ လိုအပ်သည့် ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများကို လာမည့် ကျောင်းဖွင့်ချိန်မတိုင်မီ ဆောင်ရွက်ထားကြရမည် ဖြစ်ပါကြောင်း၊ စာသင်ဆောင်များ၊ ကျောင်းသုံး ပရိဘောဂများ၊ စက်ပစ္စည်း စသည်များကို ရေရှည်အသုံးပြုနိုင်ရန် စနစ်တကျ စည်းကမ်းရှိရှိ ထိန်းသိမ်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် ညောင်တုန်းမြို့နယ် စက္ကော့အခြေခံပညာအထက်တန်းကျောင်းနှင့် ကန်ကြီးထောင့်မြို့ အခြေခံပညာအထက်တန်းကျောင်းတို့တွင် တွဲဖက်ဖွင့်လှစ်မည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်း စာသင်ဆောင်သစ် တည်ဆောက်ရေး လုပ်ငန်းခွင်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ အဆောက်အဦ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးမြောက်ရေးအတွက် မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**တာဝန်ကျေပွန်စွာ ဆောင်ရွက်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ ဆရာ ဆရာမများအနေဖြင့် မိမိတို့နိုင်ငံအတွင်း ပညာတတ်များ ပေါ်များလာစေရေးအတွက် မိမိတို့တာဝန်ကျရာနေရာတွင် စေတနာ အပြည့်အဝထားပြီး အမှန်တကယ်ကျွမ်းကျင် တတ်မြောက်သူများ ဖြစ်အောင် ကြိုးစားသင်ကြားပေးစေလိုပါကြောင်း၊ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုတို့ဖြင့် ကျေပွန်စွာ ဆောင်ရွက် ကြစေလိုကြောင်း၊ လုပ်ငန်း တာဝန်များကို ထမ်းဆောင်ကြရာတွင် လုပ်ဖော်ကိုင်ဖက် ပညာရေးမိသားစု အချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် နွေးနွေးထွေးထွေး ဆက်ဆံ၍ လက်တွဲ ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်ပညာရေးဒီဂရီကောလိပ် ပညာရတနာခန်းမသို့ သွားရောက်၍ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ၍ အခြေခံပညာကဏ္ဍသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ပါကြောင်း၊ ဆရာ ဆရာမများသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ ဆရာ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်သည့်အခါ ကျောင်းသား ကျောင်းသူများကို ပညာတတ်ရုံသာမက ယဉ်ကျေးလိမ္မာပြီး ဂါရဝ၊ နိဝါတတရား ထားရှိတတ်အောင်၊ အကျင့်စာရိတ္တ ကောင်းမွန်အောင် ပြုစုပျိုးထောင် ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

သတင်းစဉ်



# ပေါက်တောမြို့နယ်၌ သဘာဝမပျက် သီးနှံစိုက်ပျိုးထုတ်လုပ်နည်းသင်တန်းဖွင့်

**ပေါက်တော မတ် ၇**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်းကို အထောက်အကူဖြစ်စေရန် သဘာဝမပျက် သီးနှံစိုက်ပျိုးထုတ်လုပ်နည်းသင်တန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရှိ မြို့မတောင်သူပညာပေးစခန်း၌ ဖွင့်လှစ်သည်။

ရေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်သန်းငွေက သဘာဝမပျက် သီးနှံစိုက်ပျိုးထုတ်လုပ်နည်းသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စစ်တွေခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ပိုးမွှားတာဝန်ခံ ဦးစီးအရာရှိ ဒေါ်နီနီဝင်းနှင့် ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်အဝိုင်းချေတို့က သက်ဆိုင်ရာ သဘာရပ်အလိုက် ပို့ချဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် သဘာဝမြေဩဇာပြုလုပ်ခြင်း၊Super EM ဆိုကာရှိပြုလုပ်သုံးစွဲနည်းကို လက်တွေ့သင်ကြား ပို့ချဆွေးနွေးကြသည်။ အဆိုပါသင်တန်းသို့ ပေါက်တောမြို့နယ်အတွင်းရှိ စိုင်းတုတ်ကျေးရွာ၊ ကျောက်ဆိပ်ကျေးရွာ၊ တောင်ညိုကျေးရွာများမှ ဒေသခံတောင်သူ ၅၀ နှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

# ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများက လက်ခံသည့် မှန်ကန်မျှတသည့် ရွေးကောက်ပွဲများကျင်းပနိုင်ရေးဆောင်ရွက်နေမှုကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် မတ် ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai ဦးဆောင်သောအဖွဲ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်သံအမတ်ကြီးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်အညီ ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ နိုင်ငံရေးပါတီများနှင့်စပ်လျဉ်းသည့် အခြေအနေ၊ တည်ငြိမ်အေးချမ်းစွာဖြင့် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းခဲ့မှု၊ နိုင်ငံရေးပါတီများတည်ထောင်ခွင့်၊ မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားမှုနှင့် စိစစ်ဆောင်ရွက်နေမှု၊ လာမည့်ရွေးကောက်ပွဲများတွင် အီလက်ထရောနစ်မဲပေးစက် အသုံးပြုနိုင်ရေးဆောင်ရွက်နေမှု၊ အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးဆောင်ရွက်မည့်အခြေအနေ၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများက လက်ခံသည့် မှန်ကန်မျှတသည့် ရွေးကောက်ပွဲများကျင်းပနိုင်ရေး ဆောင်ရွက်နေမှု၊ ဆန္ဒမဲပေးခွင့်ရှိသူများ ဥပဒေနှင့်အညီ မဲပေးနိုင်ရေးဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံရေးပါတီဆိုင်ရာ ကိစ္စရပ်များနှင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဌာနတွင်း အခြေခံကွန်ပျူတာသင်တန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၇**

တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ဌာနတွင်း အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းများ၊ အမှုထမ်းများ၊ သင်တန်းမှူး၊ သင်တန်းနည်းပြနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနတွင်း၌ ဘက်စုံထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်၊ ဝန်ထမ်းများ ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် ဤသင်တန်းကို ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ပါကြောင်း၊ သင်တန်းမှ သင်ကြားပေးမှုများအပေါ် အခြေခံပြီး အခြေခံပညာရပ်မှတစ်ဆင့် အဆင့်မြင့်ပညာရပ်များကို ဆက်လက်လေ့လာသင်ယူမှုများ၊ လေ့ကျင့်မှုများ ပြုလုပ်သွားကြမည်ဆိုပါက ရုံးလုပ်ငန်းတွင် ကွန်ပျူတာကျွမ်းကျင်သည့် အရာထမ်း၊ အမှုထမ်းများ ဖြစ်လာကြမည်ဟု ယုံကြည်ပါကြောင်း၊ ယခုသင်တန်းမှ ထူးချွန်သင်တန်းသားသုံးဦးကို စိစစ်ရွေးထုတ်ပြီး ဂုဏ်ပြုဆုများ ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ကွန်ပျူတာအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ဌာနတွင်း အခြေခံကွန်ပျူတာသင်တန်း လက်တွေ့ပို့ချနေမှုကိုကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဂီနီဘစ်ဆောသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်

**နေပြည်တော် မတ် ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဂီနီဘစ်ဆောသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါမူကြီးများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့ကို အခြေခံပြီး သံတမန်ဆက်ဆံရေးနှင့် ကောင်စစ်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာစေရန် ဆန္ဒရှိကြသည့် အားလျော်စွာ ၂၀၂၃ ခုနှစ် မတ် ၆ ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဂီနီဘစ်ဆောသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ် ထူထောင်ခြင်းဆိုင်ရာ ပူးတွဲကြေညာချက်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ဂီနီဘစ်ဆော သံအမတ်ကြီး H.E. Mr. Antnio Serifo Embal တို့က ၂၀၂၃ ခုနှစ် မတ် ၆ ရက်တွင် ပေကျင်းမြို့ မြန်မာသံရုံး၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

ဂီနီဘစ်ဆောသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၂၆) နိုင်ငံမြောက် သံတမန်အဆက်အသွယ် ထူထောင်သည့် နိုင်ငံဖြစ်သည်။

**သတင်းစဉ်**




## ပင်းတယမြို့၌ ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်

**ပင်းတယ မတ် ၇**

နိုင်ငံတော်အဆင့် ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ အခြေခံပညာအထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ မတ် ၆ ရက်က ကျင်းပရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးသည်။

ထို့နောက် နိုင်ငံတော်အဆင့်လူရည်ချွန် ရွေးချယ်ခံရသော မောင်ဟိန်းထက်ကျော်က ကျေးဇူးတင်စကားပြောကြားသည်။ ပင်းတယမြို့နယ်အနေဖြင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲတွင် အင်္ဂလိပ်စာ၊ လူရည်ချွန်ဆုနှင့် အားကစားပြိုင်ပွဲတို့တွင် ဆုများရရှိခဲ့ကြောင်း သိရသည်။

**အောင်ကိုဦး (ပြန်/ဆက်)**

# "ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များကို အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများ" ဆွေးနွေးပွဲအခမ်းအနားသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်





**နေပြည်တော် မတ် ၇**

International Anti–Corruption Academy (IACA) က ကြီးမှူးကျင်းပသည့် စီးပွားရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင် Mr. Jeffery D. Sachs ၏ "ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများ" ဆွေးနွေးပွဲကို ယမန်နေ့ ညနေပိုင်းက Hybrid Format ဖြင့်ကျင်းပရာ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင် ဦးဆောင်၍ ကိုယ်စားလှယ် ခုနစ်ဦး ပါဝင်တက်ရောက်ခဲ့သည်။

ထို့ပြင် အခမ်းအနားသို့ IACA က ဖွင့်လှစ်ခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး Master Programme များနှင့် သင်တန်းများသို့ တက်ရောက်ခဲ့သော သင်တန်းသားဟောင်းများ အပါအဝင် နယ်ပယ်အသီးသီးမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကျွမ်းကျင်ပညာရှင်များ စုစုပေါင်း ၁၂၂ ဦး တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များတွင် ပန်းတိုင် ၁၇ ချက်ရှိပြီး Target မှာ ၁၆၉ ခု ရှိကြောင်း၊ အဆိုပါ ကိစ္စရပ်သည် ပြည်သူ့ရေးရာမူဝါဒပင်ဖြစ်ပြီး အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ခိုင်မာအားကောင်းသည့် အစိုးရတစ်ရပ်ဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ပါက အဂတိလိုက်စားမှုများ ပိုမိုဖြစ်ပွားနိုင်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း အဂတိလိုက်စားမှုသည် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်နေပြီး SDG Goals ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အဟန့်အတားဖြစ်နေပြီး အရင်းအမြစ်များစွာ လိုအပ်လျက်ရှိကြောင်း၊ SDG Goals ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်၊ မည်သည့်အုပ်စု၊ မည်သည့်လူမျိုးမှ နောက်တွင်မကျန်ရှိရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် စသည့်အခြေခံအချက်များကို အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

အပြန်အလှန် ဆွေးနွေးမှုအပိုင်းတွင် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများအတွက် အဆင်ပြေနိုင်သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နည်းပညာနှင့် လူသားအရင်းအမြစ်ဆိုင်ရာ အတားအဆီးများကြောင့် အကောင်အထည်ဖော်ရန် ခက်ခဲနိုင်သည့် အခြေအနေနှင့်စပ်လျဉ်း၍ ဆွေးနွေးပေးပါရန် မေးမြန်းဆွေးနွေးမှုအပေါ် Mr. Jeffery D. Sachs က စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် ထိရောက်ကောင်းမွန်သည့် အစီအမံများ ရေးဆွဲထားခြင်း၊ လုံလောက်သောဘဏ္ဍာရန်ပုံငွေ ခွဲဝေသတ်မှတ်ပေးခြင်းနှင့် ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များ ရယူခြင်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာနယ်ပယ်အလိုက် ပူးပေါင်းဆောင်ရွက်မှုများလည်း လိုအပ်မည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# (၂၅) ကြိမ်မြောက် အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီ အစည်းအဝေးကျင်းပ






**နေပြည်တော် မတ် ၇**

(၂၅) ကြိမ်မြောက် အာဆီယံ ငွေရေးကြေးရေး ပေါင်းစည်းရေးဆိုင်ရာ အဆင့်မြင့်ကော်မတီ အစည်းအဝေး (25th ASEAN Senior Level Committee– SLC on Financial Integration) ကို ယနေ့ မြန်မာစံတော်ချိန် နံနက် ၈ နာရီတွင် Hybrid Format ဖြင့် ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင် တက်ရောက်သည်။

ဦးစွာ ပူးတွဲသဘာပတိများဖြစ်ကြသည့် စင်ကာပူနိုင်ငံငွေကြေး အာဏာပိုင်အဖွဲ့မှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးနှင့် လာအိုနိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများက အဖွင့်အမှာစကားများ ပြောကြားကြပြီး အာဆီယံ +၃ မေခရိုစီးပွားရေးသုတေသနရုံး (ASEAN+3 Macroeconomic Research Office – AMRO) နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank–ADB) တို့က လက်တလော မေခရိုစီးပွားရေး အခြေအနေများ၊ ကမ္ဘာတစ်ဝန်းနှင့် ဒေသတွင်းဆိုင်ရာ ငွေရေးကြေးရေး ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ တင်ပြကြသည်။

ဆက်လက်၍ အာဆီယံနိုင်ငံများအချင်းချင်း သတင်းအချက်အလက် အပြန်အလှန်ချိတ်ဆက်နိုင်သောမူဘောင် (ASEAN Interoperable Data Frame–work) နှင့် အာဆီယံနိုင်ငံများအချင်းချင်း ငွေပေးချေမှု စနစ်များ ချိတ်ဆက်မှုအစီအစဉ် (ASEAN Multilateral Payments Connectivity Initiative) တို့နှင့် စပ်လျဉ်းသည့် တိုးတက်မှုအခြေအနေများကို သက်ဆိုင်သည့် လုပ်ငန်း ကော်မတီများက ရှင်းလင်းတင်ပြကြပြီး အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံ ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှုအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည့် အကြောင်းအရာများ၊ တိုးတက်မှုအခြေအနေများနှင့် အာဆီယံစီးပွားရေး အသိုက်အဝန်း (ASEAN Eco–nomic Community – AEC) လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

မွန်းလွဲပိုင်းတွင် အာဆီယံ ဘဏ်လုပ်ငန်း ပေါင်းစည်းရေးမူဘောင် (ASEAN Banking Integration Framework– ABIF)၊ ငွေလုံးငွေရင်း စာရင်းပိုမိုလွတ်လပ်ခွင့်ပြုရေး (Capital Account Liberalization–CAL)၊ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်မှု (Capital Market Development–CMD)၊ အားလုံးပါဝင်သော ငွေရေးကြေးရေးကဏ္ဍ (Financial Inclusion–FINC)၊ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်ခွင့်ပြုရေး (Financial Services Liberali–zation–FSL)၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် (Payment and Settlement System–PSS)၊ စွမ်းရည်မြှင့်တင်ရေး ကြီးကြပ်ထိန်းကျောင်းမှု ကော်မတီ (Steering Committee on Capacity Building – SCCB) တို့နှင့်စပ်လျဉ်း၍ နောက်ဆုံးတိုးတက်မှု အခြေအနေများကို လုပ်ငန်းကော်မတီ အသီးသီးက ရှင်းလင်းတင်ပြရာ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများက လမ်းညွှန်မှုများပြုခဲ့ကြသည်။

ထို့နောက် အဆင့်မြင့်ကော်မတီလုပ်ငန်းအဖွဲ့၏ ပူးတွဲသဘာပတိများက ရေရှည်တည်တံ့ခိုင်မြဲပြီး အကျပ်အတည်းဖြစ်ပေါ်မှုဒဏ်ကို ခံနိုင်ရည်ရှိစေရေးအထောက်အကူပြုဘဏ္ဍာငွေ (Sustainable Finance) နှင့် စပ်လျဉ်း၍လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံဗဟိုဘဏ်က အာဆီယံဒေသတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ခံနိုင်ရည်ရှိမှုနှင့် သတင်းအချက်အလက်များ မျှဝေခြင်းအစီအစဉ် (ASEAN Cyberse–curity Resilience and Infor–mation Sharing Platform–CRISP)နှင့် စပ်လျဉ်း၍လည်းကောင်း၊ အာဆီယံ ငွေကြေးဖလှယ်မှုအစီအစဉ် (ASEAN Swap Arrangement) နှင့် စပ်လျဉ်း၍ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်က အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် အာဆီယံ ငွေကြေး ဖလှယ်မှုအစီအစဉ် လုပ်ငန်း အဖွဲ့အစည်းအဝေး၏ အချက်အလက်အကျဉ်းချုပ်အား ဖိလစ်ပိုင်နိုင်ငံ ဗဟိုဘဏ်က လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အာဆီယံ ငွေရေးကြေးရေး ပေါင်းစည်းရေး အဆင့်မြင့် ကော်မတီဆိုင်ရာ အချက်များ (Terms of Reference –TOR) နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်များအား စင်ကာပူငွေကြေးအာဏာပိုင် အဖွဲ့က လည်းကောင်း၊ ဒုတိယအကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကျင်းပရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ အာဆီယံလုပ်ငန်းကော်မတီများ ပေါင်းစည်းရေး ကိစ္စရပ်များကို အင်ဒိုနီးရှားနိုင်ငံ ဗဟိုဘဏ်က လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် အစည်းအဝေး ပူးတွဲသဘာပတိများက နိဂုံးချုပ်အမှာစကားများ ပြောကြားသည်။

**သတင်းစဉ်**

## နွေရာသီအခြေခံအားကစားသင်တန်းများ အခမဲ့ဖွင့်လှစ်သင်ကြား

**မန္တလေး မတ် ၇**

မန္တလေး ချမ်းအေးသာစံမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန နွေရာသီအခြေခံအားကစားသင်တန်းများကို ချမ်းအေးသာစံမြို့နယ် လမ်း ၃၀ နှင့် ၇၁ လမ်းထောင့်ရှိ ဗထူးအားကစားပြိုင်ဝင်းတွင် မတ် ၁ ရက်မှစတင်၍ လက်ခံလျက်ရှိသည်။

အားကစားနည်းများမှာ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်နှင့် တိုက်ကွမ်ဒိုသင်တန်း၊ မြန်မာ့သိုင်းသင်တန်းများကို သင်ကြားပေးမည်ဖြစ်ပြီး ဗထူးကွင်းနှင့် သတ်မှတ်နေရာများတွင် လက်ရွေးစင်ဘောလုံး နည်းပြဆရာများနှင့် အားကစားနည်းအလိုက် နည်းစနစ်မှူး နည်းပြဆရာများက ညနေပိုင်းတွင် အခမဲ့သင်ကြားပို့ချပေးလျက်ရှိသည်။ သင်တန်းတက်ရောက်လိုသူများသည် ဖုန်း–၀၉–၇၅၁၁၄၃၀၈၀ နှင့် ၀၉–၄၀၂၆၉၈၂၇၆ တို့သို့ ဆက်သွယ်စာရင်းပေး တက်ရောက်နိုင်ကြောင်း သိရသည်။

**တင်မောင်–မန်း**

# တရုတ် - လာအို ရထားလမ်းအသုံးပြုကာ နေ့စဉ်ခရီးသွားသူ အရေအတွက် စံချိန်တင်မြင့်တက်

**ဗီယင်ကျန်း မတ် ၇**
တရုတ်-လာအို ရထားလမ်းမှ လာအိုအပိုင်းတွင် ပြီးခဲ့သည့်စနေနေ့က လိုက်ပါစီးနင်းသည့် ခရီးသည် ၁၀၁၉၇ ဦး ရှိသဖြင့် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း လာအို-တရုတ် ရထားလမ်းကုမ္ပဏီလီမိတက် (အယ်လ်စီအာရ်စီ) ၏ မတ် ၆ ရက် ထုတ်ပြန်ချက်အရ သိရသည်။

တရုတ် - လာအို ရထားလမ်းကို အသုံးပြုကာ ခရီးသွားသော ခရီးသည်အရေအတွက်မှာ ဆက်လက်မြင့်တက်လျက်ရှိကြောင်း သိရသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီမှ ဖေဖော်ဝါရီအထိ အဆိုပါ ရထားလမ်းသည် ခရီးသည်ပေါင်း ၄၁၇၄၀၀ ပို့ဆောင်ပေးနိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်က အလားတူ ကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ၂၅၆ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု ဆိုသည်။

ထို့ပြင် အဆိုပါ ရထားလမ်းသည် နှစ်လအတွင်း ကုန်ပစ္စည်းတန်ချိန် ၆၄၇၇၀၀ တန်ကိုလည်း ပို့ဆောင်ပေးနိုင်ခဲ့ပြီး ပြီးခဲ့သည့်နှစ်က အလားတူ ကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ၃၂၀ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အစီရင်ခံဖော်ပြမှုအရ သိရသည်။

ကာလရှည်စောင့်မျှော်ခဲ့ရသည့် လက်မှတ်ကြိုတင်မှာယူမှု မိုဘိုင်းအက်ပလီကေးရှင်းကို မတ် ၁၅ ရက်တွင် စတင်သွားဖွယ်ရှိကြောင်း အယ်လ်စီအာရ်စီက ထုတ်ပြန်ကြေညာထားသည်။ အဆိုပါ မိုဘိုင်းအက်ပလီကေးရှင်းသည် ရထားလက်မှတ်များကို ကြိုတင်မှာယူနိုင်မည်ဖြစ်သောကြောင့် ခရီးသည်များအတွက် ပိုမိုအဆင်ပြေလာမည်ဖြစ်သည်။

ဆင်ဟွာ



ကူမင်းနှင့် ဗီယင်ကျန်းသို့ ချိတ်ဆက်ထားသော ရထားလမ်း၌ ပြေးဆွဲနေသော တရုတ် – လာအို ရထား တစ်စင်းကို တွေ့ရစဉ်။



ရေဘေးသင့်ဒေသသို့ စစ်သားများ စားနပ်ရိက္ခာအထောက်အပံ့များ ပေးပို့နေစဉ်။

## မလေးရှားနိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ငါးဦးအထိ ရှိလာ

**ကွာလာလမ်ပူ မတ် ၇**
မလေးရှားနိုင်ငံ၌ ရေကြီးမှုကြောင့် လူနှစ်ဦးထပ်မံသေဆုံးမှုနှင့်အတူ ယခုအခါတွင် သေဆုံးသူ အရေအတွက်မှာ ငါးဦးအထိ ရှိလာပြီ ဖြစ်ကြောင်း ကယ်ဆယ်ရေးအရာရှိတစ်ဦးက ပြောကြားလိုက်သည်။

ရေကြီးမှုကြောင့် ငါးဦးမြောက်သေဆုံးသူမှာ အသက် ၂၄ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးဖြစ်ပြီး ကားထဲတွင် ပိတ်မိသေဆုံးခဲ့ခြင်းဖြစ်ကြောင်း မာဆင်း မီးသတ်နှင့် ကယ်ဆယ်ရေးဌာနမှ တာဝန်ရှိသူ တစ်ဦးဖြစ်သည့် အဗ္ဗဒူမူဇ် မူခက်တာက ပြောကြားခဲ့သည်။

နိုင်ငံတစ်ဝန်းရေဘေးသင့်သူပေါင်းမှာ ၄၂၀၀၀ ရှိလာပြီဖြစ်ကြောင်း လူမှုဝန်ထမ်းဌာန ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အဆိုးရွားဆုံး ရေဘေးသင့်ဒေသမှာ ဂျိုဟောပြည်နယ်ဖြစ်ပြီး အဆိုပါဒေသတွင် ရေဘေးကြောင့် ၃၉၁၉၀ ပြောင်းရွှေ့ခဲ့ရသည်။

ပါဟန်ပြည်နယ်ရှိ ကယ်ဆယ်ရေးစင်တာများတွင် ရေဘေးကြောင့် လာရောက်ခိုလှုံလျက်ရှိသူ ၂၀၀၀ ကျော်ရှိပြီး မလက္ကာဒေသတွင် ၆၀၀ ကျော်ရှိသည်။

ရေဘေးသင့်ဒေသများတွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်ကြောင်း မိုးလေဝသဌာနက သတိပေးထားသည်။

ဆင်ဟွာ

## အီစူဇူးမော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီ ဂျပန်နိုင်ငံ၏ ကားလောကတွင် နောက်ဆုံးပါဝင်ယှဉ်ပြိုင်လာ

**တိုကျို မတ် ၇**
အီစူဇူးမော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီသည် ဂျပန်နိုင်ငံ၏ ပြိုင်ဆိုင်မှုပြင်းထန်သော ကုန်တင်ကားကဏ္ဍတွင် နောက်ဆုံးပါဝင်ယှဉ်ပြိုင်လာသည့် ကုမ္ပဏီဖြစ်လာခဲ့သည်။

အီစူဇူးမော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီသည် လျှပ်စစ်အသုံးပြု Elf ကုန်တင်ကားကို စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။ ၎င်းကားသည် အားတစ်ခါသွင်းလျှင် ကီလိုမီတာ ၁၇၀ အထိ မောင်းနိုင်သည်။

လာမည့် ၂၀၃၀ ပြည့်နှစ်တွင် အသေးစားကုန်တင်ယာဉ်နှင့် အခြားစီးပွားဖြစ်ယာဉ် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ရောင်းချနိုင်ရန် ဂျပန်အစိုးရက ရည်မှန်းချက်ထား လုပ်ဆောင်လျက်ရှိသည်။

အဆိုပါကားကုမ္ပဏီသည် ပြောင်းလဲမှုများကို လုပ်ဆောင်နေပြီဖြစ်သည်။ မစ်ဆူဘီရှိဖူဆိုထရပ်နှင့် ဘတ်စ်တို့သည် ၎င်းတို့၏ အသေးစား အီးဗွီ ထရပ်ကား ပုံစံများကို ယခုနှစ်တွင် အဆင့်မြှင့်တင်ရန် စီစဉ်နေသည်။

ဟီးနိုးကားကုမ္ပဏီကလည်း လွန်ခဲ့သောနှစ်က လျှပ်စစ်ကုန်တင်ကားကို စတင်မိတ်ဆက်ခဲ့သည်။ အဆိုပါကားသည် အားတစ်ခါသွင်းလျှင် ကီလိုမီတာ ၁၅၀ မောင်းနိုင်သည်။

အင်န်အိတ်ချ်ကေ




အီစူဇူးက မိတ်ဆက်လိုက်သော လျှပ်စစ်အသုံးပြု ကုန်တင်ကား။

## နေမကောင်းဖျားနာမှုများကိုကုသရန် စမတ်ဖုန်းအက်ပလီကေးရှင်းတစ်ခုကို ဂျပန်နိုင်ငံ ခွင့်ပြု




**တိုကျို မတ် ၇**
နေမကောင်းဖျားနာမှုများကို ကုသသော စမတ်ဖုန်းအက်ပလီကေးရှင်းတစ်ခုသည် ဂျပန်နိုင်ငံတွင် ရေပန်းစားလျက်ရှိသည်။

အဆိုပါ အက်ပလီကေးရှင်းကို တိုကျိုအခြေပြု ဆက်စ်မက်က ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လူနာများအိပ်ပျော်စေရန်အတွက် အကူအညီပေးရန် ရည်ရွယ်တီထွင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအက်ပလီကေးရှင်းကို လက်တွေ့စမ်းသပ်မှုများပြုလုပ်ပြီးဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနက အဆိုပါ အက်ပလီကေးရှင်းကို ရောင်းချရန် ဖေဖော်ဝါရီလက သဘောတူခဲ့သည်။

ဆက်စ်မက် စီအီးအို ယူအီနိုတာရိုက အိပ်မပျော်ခြင်းကို ကုသရန် အက်ပလီကေးရှင်း သို့မဟုတ် ဆေးဝါးတစ်ခုခုကို သင်ရွေးချယ်နိုင်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဈေးကွက်ရှာဖွေရာတွင် အဆိုပါကုမ္ပဏီသည် အဓိကဆေးဝါးကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းခြင်းဖြင့် အက်ပလီကေးရှင်းကို စတင်ကမ်းလှမ်းရန် ရည်ရွယ်ထားသည်။ အလားတူအက်ပလီကေးရှင်းနှစ်ခုကိုလည်း ကျန်းမာရေးဝန်ကြီးဌာနက ပြည်တွင်းအသုံးပြုရန် ခွင့်ပြုပေးခဲ့သည်။

အင်န်အိတ်ချ်ကေ

## ပါကစ္စတန်အနောက်ပိုင်းတွင် ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် ခြောက်ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

**အစ္စလမ္မာဘတ် မတ် ၇**
ပါကစ္စတန်အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ် မြို့တော်ကွက်တာ၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူခြောက်ဦးသေဆုံးခဲ့ပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့က သတင်းဖော်ပြခဲ့သည်။

သတင်းဖော်ပြချက်အရ မတော်တဆမှုသည် မြို့တော်၏ ဆာကီကာလန်ဒေသရှိ အိမ်တစ်အိမ်တွင်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ခေါင်မိုးကျိုးကျရာမှ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ရာ နောက်ဆုံးတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ရေးသမားများသည် အဆိုပါနေရာသို့ အလျင်အမြန်ရောက်ရှိလာခဲ့ပြီး ထိခိုက်ဒဏ်ရာရသူများကို ဆေးရုံသို့ပို့ခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောသည်။ ကွယ်လွန်သွားသူအားလုံးမှာ မိသားစုတစ်စုတည်းမှဖြစ်ပြီး ကလေး လေးဦးနှင့် အမျိုးသမီးနှစ်ဦး ဖြစ်သည်။

အင်န်အိတ်ချ်ကေ

# နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ EV Charging Station များကို မတ်လအတွင်း အပြီးတည်ဆောက်သွားမည်

EV Charging Station များကို Pilot Project အနေဖြင့် နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုဖြင့် နိုင်ငံအတွင်း အပိုင်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ EV Charging Station များ နိုင်ငံအတွင်း ဆောင်ရွက်နေမှု အခြေအနေနှင့် စပ်လျဉ်း၍ လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲ၊ အသုံးပြုရေးနှင့် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး။ ။ လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲ၊ အသုံးပြုရေးနဲ့ အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအနေနဲ့ လက်ရှိမှာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို အရင်ဆုံး သိပါရစေ။**

ဖြေ။ ။ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နဲ့ ဆက်စပ်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကနေ လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲ၊ အသုံးပြုရေးနဲ့ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို ၂၀၂၂ ခုနှစ် ဇွန် ၇ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂) နဲ့ ဖွဲ့စည်းပေးခဲ့ပါတယ်။ ပြီးတော့ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၂) နဲ့ ဒီလုပ်ငန်းကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

လုပ်ငန်းကော်မတီ အနေနဲ့ ဦးဆောင်ကော်မတီက စတင်တာဝန်ပေးတဲ့ အချိန်ကစပြီး ကော်မတီရဲ့ မူဝါဒ (၃) ရပ်နဲ့ လုပ်ငန်းစဉ် (၉) ခုကို ချမှတ်ပြီးတော့ လျှပ်စစ်ယာဉ်တွေအတွက် အခြေခံအဆောက်အအုံတွေ အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးကို စတင်ဆောင်ရွက်ခဲ့ပါတယ်။

ပြီးတော့ Charging Station တွေ တည်ဆောက်ဖို့အတွက် ဦးဆောင်ကော်မတီရဲ့ လမ်းညွှန်မှုနဲ့အညီ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့နဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်မှာ တည်ဆောက်နိုင်မယ့် မြေနေရာတွေကို ရွေးချယ်သတ်မှတ်လျာထားခဲ့ပြီး ဦးဆောင်ကော်မတီထံ အဆိုပြုတင်ပြခဲ့ပါတယ်။

ဦးဆောင်ကော်မတီကနေ တင်ပြချက်မြေနေရာတွေကို စိစစ်ရွေးချယ်ပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှာ EV ယာဉ်တွေအတွက် Charging Station တွေ တည်ဆောက်ဖို့ နေပြည်တော်မှာ လေးနေရာ၊ ရန်ကုန်မြို့မှာ ငါးနေရာ၊ မန္တလေးမြို့မှာ ငါးနေရာနဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်မှာ ငါးနေရာ စုစုပေါင်း ၁၉ နေရာကို Pilot Project အနေနဲ့ စုစုပေါင်း ကုမ္ပဏီ ကိုးခုကို တာဝန်ခွဲဝေသတ်မှတ်ပေးခဲ့ပါတယ်။

တာဝန်ပေးအပ်ထားတဲ့ ကုမ္ပဏီတွေအနေနဲ့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တွေမှာ ကားလေး ၁၀ စီး အားသွင်းနိုင်မယ့် Charging Station တွေနဲ့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်မှာ ကားလေး ၁၀ စီးနဲ့ ကားကြီး လေးစီး အားသွင်းနိုင်မယ့် Charging Station ပုံစံတွေကို လုပ်ငန်းကော်မတီက ရေးဆွဲပေးခဲ့ပါတယ်။ ပြီးတော့ ဦးဆောင်ကော်မတီရဲ့ အတည်ပြုခွင့်ပြုချက်နဲ့ လုပ်ငန်းကော်မတီက ကြီးကြပ်ပြီး လုပ်ငန်းတွေ စတင်ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။

**မေး။ ။ နေပြည်တော်၊ ရန်ကုန်မြို့နဲ့ မန္တလေးမြို့မှာ Charging Station တွေ တည်ဆောက်မှာ ဖြစ်တဲ့အတွက် တည်ဆောက်မယ့်နေရာနဲ့ ကားအားသွင်းနိုင်မယ့် အခြေအနေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ နေပြည်တော်မှာဆိုရင် နေပြည်တော်စည်ပင်ဧည့်ရိပ်သာ၊ သပြေကုန်းဈေး၊ သုခတော်ဝင်အိမ်ရာရှေ့နဲ့ ဘောဂသီရိကားဝင်းအတွင်း စုစုပေါင်း လေးနေရာကို EV ယာဉ်တွေအတွက် Charging Station တွေ တည်ဆောက်လျက်ရှိရာ N.P.K Motors Co.,Ltd က တည်ဆောက်နေတဲ့ သပြေကုန်း EV Charging Station ဆိုရင် မကြာမီက ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် နေပြည်တော်အတွင်းမှာ EV Taxi ပြေးဆွဲခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။ ကားလေး ၁၀ စီး အားသွင်းဖို့ နေပြည်တော်အတွင်းက နေရာသုံးနေရာကိုလည်း တာဝန်ပေးထားတဲ့ Grand Sirius Co.,Ltd နဲ့ AGAPE Love Co.,Ltd တွေကလည်း လုပ်ငန်းစတင်နေကြပြီဖြစ်ပြီးတော့ မတ်လအတွင်း ရာနှုန်းပြည့်ပြီးစီးအောင် တည်ဆောက်မှာ ဖြစ်ပါတယ်။

ရန်ကုန်မှာဆိုရင် ကြည့်မြင်တိုင်မြို့နယ်မှာရှိတဲ့ သခင်မြပန်းခြံ၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှာရှိတဲ့ ရန်ကုန်ဘူတာကြီးရှေ့၊ မြောက်ဥက္ကလာပမြို့နယ်မှာ အောင်မင်္ဂလာ အဝေးပြေး ယာဉ်ရပ်နားစခန်း၊ လှိုင်သာယာမြို့နယ်မှာ ဒဂုံ- ဧရာ အဝေးပြေးယာဉ်ရပ်နားစခန်းနဲ့ သီရိမင်္ဂလာဈေး စုစုပေါင်း ငါးနေရာမှာ EV ယာဉ်တွေအတွက် Charging Station တွေကို တည်ဆောက်ဖို့ တာဝန်ပေးထားတဲ့ Chin Dwin Shan Co.,Ltd ၊ Essential Motors Co.,Ltd ၊ Myanmar Brilliance Auto Co.,Ltd နဲ့ Asia Pacific Automaker Corporation Co.,Ltd တို့က စတင်တည်ဆောက်နေကြပြီ ဖြစ်ပါတယ်။

မန္တလေးမြို့မှာဆိုရင် ပြည်ကြီးတံခွန်မြို့နယ်မှာ ချမ်းမြရွှေပြည်ယာဉ်ရပ်နားစခန်း (အဟောင်း)(၁၁၄ လမ်းနဲ့ ကိုလံဘိုမြောင်းဘေး)၊ အောင်မြေသာစံမြို့နယ်မှာ ၁၄ လမ်းနဲ့ ၆၆ လမ်းထောင့် (ကျုံးပတ်လမ်း)၊ ချမ်းမြသာစည်မြို့နယ်မှာ သိပ္ပံလမ်း (၁၀၁) လမ်း တောင်ဘက်၊ ရေပေးရေးဝင်းရဲ့ အနောက်ဘက် (ဆင်ဖြူကန်ကွင်း)၊ ချမ်းအေးသာစံမြို့နယ်မှာ ၃၅ လမ်းနဲ့ ပြင်ဦးလွင်-မန္တလေးမြို့ပတ်လမ်းထောင့်၊ အမရပူရမြို့နယ်မှာ အိုးထုတ္တန်း (နွားပေါက်) (မြို့ပတ်လမ်းဘေးရှိ ပန်းခြံမြေနေရာ) စုစုပေါင်း ငါးနေရာကို EV ယာဉ်တွေအတွက် Charging Station တွေ တည်ဆောက်သွားမယ်။

ဒီလို တည်ဆောက်ဖို့ တာဝန်ပေးထားတဲ့ Myanmar Brilliance Auto Co.,Ltd၊ Asia Pacific Automaker Corporation Co.,Ltd နဲ့ Myanmar Construction & Development Infrastructure Co., Ltd တို့က စတင်တည်ဆောက်နေကြပြီဖြစ်ပါတယ်။ မတ်လအတွင်း ရာနှုန်းပြည့်ပြီးစီးအောင် တည်ဆောက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်မှာ တည်ဆောက်မယ့် Charging Station တည်နေရာနဲ့ အားသွင်းနိုင်မယ့် အခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်မှာ အမှတ် (၃) လမ်းဆုံတိုးဂိတ်အနီး မိုင် (၁/၀)၊ ဖြူးယာဉ်ရပ်နားစခန်း မိုင်(၁၁၅/၀)၊ နေပြည်တော်လမ်းဆုံ ယာဉ်ရပ်နားစခန်း မိုင် (၂၀၁/၁)၊ သီးကုန်းယာဉ်ရပ်နားစခန်း မိုင် (၂၈၄/၄) နဲ့ စကားအင်းယာဉ်ရပ်နားစခန်း မိုင် (၃၅၂/၃) စုစုပေါင်း ငါးနေရာမှာ EV ယာဉ်တွေအတွက် Charging Station တွေကို တည်ဆောက်သွားမယ်။

ဒီလို တည်ဆောက်ဖို့ တာဝန်ပေးထားတဲ့ Myanmar Brilliance Auto Co.,Ltd နဲ့ Earth Renewable Energy Co.,Ltd တို့က စတင်လုပ်ဆောင်နေကြပြီဖြစ်ပါတယ်။ သူတို့လည်း မတ်လအတွင်း ရာနှုန်းပြည့် ပြီးစီးအောင် တည်ဆောက်မှာဖြစ်ပါတယ်။ ပြီးစီးသွားရင်တော့ အမြန်လမ်းပေါ်မှာရှိတဲ့ Charging Station ငါးနေရာလုံးမှာ ကားလေး ၁၀ စီးနဲ့ ကားကြီးလေးစီး တစ်ပြိုင်နက် Charging သွင်းနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ EV ယာဉ်တွေ အားသွင်းဖို့ လက်ရှိတည်ဆောက်လျက်ရှိတဲ့ Charging Station တွေအပြင် အခြားနေရာတွေမှာ အားသွင်းနိုင်အောင် စီစဉ်ထားတာရှိရင်လည်း ပြောကြားပေးစေလိုပါတယ်။**



ဦးဝင်းဖေ (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)

ဖြေ။ ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန စက်သုံးဆီ အရောင်းဆိုင်များ ကြီးကြပ်ရေးကော်မတီ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနတို့နဲ့ လုပ်ငန်းကော်မတီ(၄) ကိုယ်စား လမ်းဦးစီးဌာနက သက်ဆိုင်ရာ တိုင်းဒေသကြီးအလိုက် ကိုယ်စားလှယ်တွေက နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ စည်ပင်သာယာရေး နယ်နိမိတ်အတွင်းနဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်မှာ အဆိုပြုထားတဲ့ ပုဂ္ဂလိက စက်သုံးဆီ အရောင်းဆိုင်တွေကို ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ စက်မှုဝန်ကြီးဌာနက အဖွဲ့တွေနဲ့ ပူးပေါင်းစိစစ်ချက်လည်း ရှိပါတယ်။

ဒီလို စိစစ်ချက်တွေကို ဦးဆောင်ကော်မတီဆီ Charging Station ဆောင်ရွက်မှု အဆင့်အတန်းခွဲခြားပြီးတော့ တင်ပြခဲ့ပါတယ်။ ဒီလို တင်ပြမှုကို ဦးဆောင်ကော်မတီက ပထမအဆင့်အနေနဲ့ Garde-A အဆင့် ၃၈ဆိုင်မှာ ရန်ကုန်နယ်နိမိတ်အတွင်း ၂၄ဆိုင်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်မှာ ခုနစ်ဆိုင်၊ နေပြည်တော် နယ်နိမိတ်အတွင်း ခုနစ်ဆိုင် ရှိပါတယ်။

ဒီ ၃၈ ဆိုင်အနက် 60 kW Dual Gun Charger တစ်လုံးစီ တပ်ဆင်မယ့် ၂၉ ဆိုင်၊ Charger နှစ်လုံးစီ တပ်ဆင်မယ့် ၅ ဆိုင်၊ Charger သုံးလုံးစီ လေးဆိုင်တို့အတွက် စုစုပေါင်း Charger ၅၁ လုံးကို ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ ခွင့်ပြုထားပြီးဖြစ်ပါတယ်။ စက်သုံးဆီ အရောင်းဆိုင်ပိုင်ရှင်တွေထံကို Charging Station ထည့်သွင်းတပ်ဆင်တည်ဆောက်မယ့် အစီအမံတွေကို တောင်းခံထားပြီး တည်ဆောက်ခြင်းလုပ်ငန်းတွေကို သုံးလအတွင်း အပြီးတည်ဆောက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ အခုလက်ရှိ စတင်ဆောင်ရွက်နေတဲ့ Charging Station တွေက Pilot Project အနေနဲ့ စတင်ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားမယ့် အခြေအနေကိုလည်း ပြောကြားပေးပါ။**

ဖြေ။ ။ EV Charging Station တွေကို Pilot Project အနေနဲ့ နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်မှာ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး ဦးဆောင်ကော်မတီရဲ့ လမ်းညွှန်မှုနဲ့ တစ်နိုင်ငံလုံးကို အပိုင်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

EV ယာဉ်တွေ တစ်နိုင်ငံလုံး ပြေးဆွဲအသုံးပြုနိုင်ဖို့အတွက် အဓိကလမ်းမကြီးတွေဖြစ်တဲ့ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၊ ရန်ကုန်-ပြည်လမ်း၊ ရန်ကုန်-ပုသိမ် လမ်း၊ ဘုရားကြီး-သထုံ-မော်လမြိုင်လမ်း၊ မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦးလမ်း၊ မိတ္ထီလာ-တောင်ကြီးလမ်း၊ မန္တလေး - ပြင်ဦးလွင် - လားရှိုးလမ်း စတဲ့ နိုင်ငံရဲ့ အသက်သွေးကြော လမ်းမကြီးတွေပေါ်မှာ Charging Station တည်ဆောက်ဖို့ ကြိုတင်လေ့လာမှုတွေကိုလည်း ပြုလုပ်ထားပြီးဖြစ်ပါတယ်။

အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း - သန်းမင်းအောင်၊ ဟိန်းမင်းစိုး**

**ဓာတ်ပုံ- မင်းမင်း**

## လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များတင်သွင်းရောက်ရှိ

**နေပြည်တော် မတ် ၇**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ ခွင့်ပြုချက်ဖြင့် Asia Pacific Automaker Corporation Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ်လျှပ်စစ်သုံးယာဉ် အားသွင်းစက် (EV Charger) 60KW ၁၀ စုံသည် ယနေ့တွင် မြန်မာစက်မှုဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးယာဉ် အားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**



အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ဆောင်းပါး

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အကြောင်း သိကောင်းစရာ

**မတ်လ ၈ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ (International Women's Day) ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုရေး၊ အမျိုးသမီးများ စွမ်းဆောင်ရည်များ ပိုမိုမြင့်မားစေရေး၊ စံပြုထိုက်သော အမျိုးသမီးများအား ဂုဏ်ပြုရေးနှင့် အမျိုးသမီးများ ရင်ဆိုင်နေရသည့် အခက်အခဲများကို ပူးပေါင်းဖြေရှင်းရေး စသည်တို့အတွက် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ ထိုနေ့တွင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ၌ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပလေ့ရှိပြီး နိုင်ငံအချို့တွင်မူ တရားဝင် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားကြသည်။**

**တင်ထက်ထက်ဇော်**

### အမျိုးသမီးများ အကြမ်းဖက်ခံရမှု

အကြမ်းဖက်မှုဆိုသည်ကို အဓိပ္ပာယ်ဖွင့်ရာ၌ အမျိုးသမီး(gender)အပေါ်အခြေခံပြီး လူတစ်ယောက်ပေါ်တွင် အနိုင့်အထက်ပြုကျင့်ခြင်း သို့မဟုတ် အကြမ်းဖက်သည့် လုပ်ရပ်များဖြစ်ခြင်းဟု ဆိုထားပါသည်။




အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုသည်မှာ အများပြည်သူနေရာတွင်ဖြစ်စေ၊ ပုဂ္ဂလိက သီးသန့်အခြေအနေတွင်ဖြစ်စေ အမျိုးသမီးများအပေါ် အနိုင့်အထက်ပြုခြင်း သို့မဟုတ် လွတ်လပ်ခွင့်အား ငြင်းဆန်ပြီး တစ်ဖက်သတ်ပြုမူခြင်း စသည့် ခြိမ်းခြောက်မှုများအပါအဝင် ကိုယ်ထိလက်ရောက်ဖြစ်စေ၊ လိင်ပိုင်းဆိုင်ရာဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာဖြစ်စေ ထိခိုက်နစ်နာစေမည့် သို့မဟုတ် ထိုသို့ ထိခိုက်နစ်နာဖွယ်ရှိသည့် ကျား၊ မ ရေးရာကို အခြေခံသော အကြမ်းဖက်သည့် အပြုအမူတစ်ရပ်ကို ဆိုလိုကြောင်း ၁၉၉၃ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်း၏ အပိုဒ် ၁ တွင် ဖော်ပြထားသည်။

သို့ဖြစ်၍ အမျိုးသမီးများအား အကြမ်းဖက်မှုဟူသည့် ဝေါဟာရ၏ နောက်ကွယ်တွင် ကိုယ်ထိလက်ရောက်အကြမ်းဖက်မှု၊ နှုတ်အားဖြင့် စော်ကားမှုနှစ်ခုစလုံး အကျုံးဝင်သည်။ အကြမ်းဖက်ခံရသူသည် အနိုင်ကျင့်ခံရခြင်းနှင့် အတင်းအကျပ် ထိန်းချုပ်ခြင်းများကိုလည်း လိုက်ပါခံစားလာရသည်။

### အကြမ်းဖက်ခံရမှု အမျိုးအစား

ကမ္ဘာတစ်ဝန်း အကြမ်းဖက်ခံရမှုများကို အမျိုးအစား ခွဲခြားကြည့်လျှင် အကြမ်းဖက်ခံရနိုင်ခြေ ငါးမျိုးရှိသည်။ ၎င်းတို့မှာ -

- ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း (Physical Abuse)
- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း (Sexual Abuse)
- ငွေကြေးပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း (Financial Abuse)
- စိတ်ခံစားမှုပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း (Emotional Abuse)
- ခံယူချက် အတွေးအခေါ်ပိုင်းဆိုင်ရာ အကြမ်းဖက် ခြင်း (Psychological Abuse) တို့ ဖြစ်ကြသည်။

ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းတွင် အမျိုးသမီးများသည် သဘာဝအရ ကျား၊ မ (gender) ဆိုင်ရာ အားနွဲ့သူများဖြစ်သည့်အလျောက် ရိုက်နှက်ခံရခြင်း၊ ကန်ကျောက်ခံရခြင်း၊ ထိုးနှက်ခံရခြင်း၊ အန္တရာယ်ရှိစေသည့် ပစ္စည်းများဖြင့် ခန္ဓာကိုယ်တွင် အနာတရဖြစ်အောင် လုပ်ဆောင်ခံရခြင်း (ဥပမာ ဆေးလိပ်မီးနှင့် တို့ခြင်း၊ ဓားလက်နက်၊ အက်စစ်ခေါ် ငရဲမီး စသည်)များ ပြုလုပ်ခံရသည်။

မှတ်တမ်းများအရ ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးသုံးဦးတွင် တစ်ဦးအကြမ်းဖက်မှုကို ခံစားနေရသည်။ အမျိုးသမီး ၂ ဒသမ ၇ ဘီလီယံသည် အမျိုးသားများနှင့် တူညီသော အလုပ်အကိုင်အခွင့်အလမ်း မရှိဖြစ်နေသည်။ အမျိုးသမီးများသည် အမျိုးသားများထက် ပျမ်းမျှဝင်ငွေ ၂၄ ရာခိုင်နှုန်း လျော့နည်းနေသေးသည်။ ကမ္ဘာပေါ်တွင် စာမတတ်သူ ၇၉၆ သန်းသည် အမျိုးသမီးများ ဖြစ်နေသည်။

နိုင်ငံပေါင်း ၁၄၅ နိုင်ငံအပေါ် လေ့လာမှုတစ်ရပ်ကလည်း ကမ္ဘာတစ်ဝန်းတွင် ကျား၊ မ ကွာဟမှု ရှိနေသေးကြောင်း တွေ့ရှိထားသည်။ အိုက်စလန်သည် စီးပွားရေးပါဝင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေးအောင်မြင်မှု၊ ကျန်းမာရေးနှင့် ရှင်သန်မှု၊ နိုင်ငံရေးဆိုင်ရာ စွမ်းဆောင်နိုင်မှုတို့၌ တန်းတူညီမျှမှုရှိရန် အနီးစပ်ဆုံးဖြစ်ပြီး ယီမင်ကဲ့သို့သော နိုင်ငံများတွင်မူ အမျိုးသမီးများသည် ခင်ပွန်းဖြစ်သူ၏ ခွင့်ပြုချက်မရှိပါက အိမ်အပြင်သို့ပင် ထွက်ခွာခွင့် မရပေ။ အာဖဂန်နစ္စတန်တွင် အမျိုးသမီးများ ပညာသင်ယူခွင့် ဆုံးရှုံးနေရသည်။

### အမျိုးသမီးများ၏ အခန်းကဏ္ဍ

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင် ပါဝင်သော အခြေခံအချက်ကြီး ငါးချက်အနက် အမှတ်စဉ် (၂) သည် "လူတိုင်း ကျား၊ မ မဟူ နိုင်ငံကြီးငယ်မရွေး အခြေခံလူ့အခွင့်အရေးများနှင့် တန်းတူရည်တူ အခွင့်အရေးရှိသည်ကို အလေးအနက်ဂရုပြုရန်" ဟူသည့် အချက် ဖြစ်သည်။ ကုလသမဂ္ဂ၏ ထောင်စုနှစ်ပန်းတိုင် (၁၇) ရပ်အနက် ပန်းတိုင် (၅) တွင်လည်း "ကျား၊ မ တန်းတူညီမျှရရှိရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များအားလုံး စွမ်းပကားတိုးတက်မြင့်တင်ရေး" ဟူ၍ ချမှတ်ထားရာ ဤအချက်က နိုင်ငံအသီးသီးရှိ မူဝါဒချမှတ်သူများ၊ အင်စတီကျူးရှင်းများအပါအဝင် ပြည်သူလူထု အားလုံးက ကဏ္ဍအသီးသီး၌ အမျိုးသမီးများ တန်းတူညီမျှ ပါဝင်နိုင်ရေးအတွက် အစွမ်းကုန်ဖော်ဆောင်ပေးရန် လိုအပ်နေကြောင်း ဖော်ညွှန်းလျက်ရှိသည်။

သို့သော် ယနေ့ကာလတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် ထင်သလောက် ခရီးမပေါက်နိုင်သေးပေ။ အထူးသဖြင့် ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးနှင့် မိန်းကလေး အများအပြားသည် လိင်နှင့် ကျား၊ မ အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခံနေရဆဲဖြစ်သည်။ ကျား၊ မ မညီမျှမှုအဖြစ် နိုင်ငံ၏ နိုင်ငံရေးစနစ်အတွင်း အမျိုးသမီးများ ပါဝင်ခွင့်နည်းပါးမှု၊ အိမ်တွင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ခံရမှု၊ လစာနည်းပါးမှု၊ ပညာသင်ကြားခွင့်မရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှုတွင် အချိုးအစားမမျှတမှု စသည့် ပြဿနာများစွာနှင့် ရင်ဆိုင်နေကြရဆဲ ဖြစ်သည်။

### အမျိုးသမီးများအတွက် ဥပဒေ

အမျိုးသမီးတစ်ယောက်သည် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရပါက သက်သေခိုင်လုံလျှင် ဥပဒေအရ ထိထိရောက်ရောက် လုပ်ဆောင်နိုင်သည်။ မိမိကိုယ်ကို အပြင်းအထန် နာကျင်စေလျှင် ပုဒ်မ-၃၂၄ အရ ထောင်ဒဏ် သုံးနှစ်၊ ငွေဒဏ်၊ ၎င်းဒဏ်နှစ်ရပ်စလုံး ချမှတ်နိုင်သည်။ ကိုယ်ထိလက်ရောက် ကျူးလွန်စေလျှင် ပုဒ်မ-၃၅၄ အရ ထောင်ဒဏ် နှစ်နှစ်၊ ငွေဒဏ်၊ ၎င်းဒဏ်နှစ်ရပ်စလုံး ချမှတ်နိုင်သည်။

လက်နက်ကိရိယာဖြင့် နာကျင်စေလျှင် ပုဒ်မ-၃၂၄ အရ ထောင်ဒဏ် သုံးနှစ်၊ ငွေဒဏ်၊ ၎င်းဒဏ်နှစ်ရပ်စလုံး ချမှတ်နိုင်သည်။ ဥပဒေအရ အမှုနိုင်သွားပြီး အကြမ်းဖက်ခံရခြင်းမှ လွတ်မြောက်သွားသည့် အမျိုးသမီးဦးရေ များစွာရှိကြသည်။ သို့သော် ဝမ်းနည်းစရာကောင်းသည်မှာ တချို့အမျိုးသမီးများမှာ ၎င်းတို့လက်တွဲဖော် အမျိုးသားများ၏ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်းကြောင့် အသက်သေဆုံး သွားရသူများလည်း ရှိသည်။

### အမျိုးသမီးများအတွက် ကာကွယ်ဝန်ဆောင်မှု

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုခံရခြင်းမှ လျော့ပါးစေရေးအတွက် တိုင်းဒေသကြီးအသီးသီးရှိ လူမှုဝန်ထမ်းရုံးများနှင့် ခရိုင်၊ မြို့နယ်လူမှုရုံးများကို ချိတ်ဆက်ပြီး Help Line အကူအညီ တောင်းခံနိုင်ရေး ဖုန်း ၀၆၇- ၃၄၀၄၂၂ နှင့် ၀၆၇-၃၄၀၄၉၉ တို့ကို ဖွင့်လှစ်ခဲ့ပြီး တိုင်ကြားမှုများကိုလည်း လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်သွယ်ရေး အကူအညီတောင်းခံရာတွင်လည်း ဖုန်းဖြင့် ဆက်သွယ်ခြင်းအပြင် Viber သို့မဟုတ် Messenger များဖြင့်ပါ တိုင်ကြားနိုင်ရေးအတွက် တိုးချဲ့ဆောင်ရွက်ထားသည်။ တိုင်ကြားလာသည့် အမှုများကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်လူမှုဝန်ထမ်းရုံးများသို့ လွှဲပို့ရာတွင် သက်ဆိုင်ရာဒေသက အကြမ်းဖက်ခံရသူများကို ပံ့ပိုးပေးမှုအနေဖြင့် အကြမ်းဖက်ခံရသည့် အမျိုးသမီးများကို ယာယီလက်ခံဆောင်ရွက်ပေးနိုင်ရေးအတွက် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ လားရှိုး၊ ကယား စသည့်နေရာ ငါးနေရာတွင် One Stop Women Support Centre (OSWSC) များ ဖွင့်လှစ်ထားရှိပြီး ဝန်ဆောင်မှုများ ပေးလျက်ရှိပါသည်။

အထူးသဖြင့် ကိုဗစ်ကပ်ရောဂါ အကျပ်အတည်းကာလသည် ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများအပေါ် အိမ်တွင်းအကြမ်းဖက်မှုကို သိသိသာသာ မြင့်တက်စေခဲ့သည်။ အမျိုးသမီးအများစုသည် အိမ်မှုတာဝန်နှင့် ဆက်စပ်နေသော ဝန်ထုပ်ဝန်ပိုးတို့ကြောင့် စိတ်ဖိစီးမှု တိုးလာကြရသည်။ အလုပ်အကိုင်များ ဆုံးရှုံးမှုတို့ကြောင့် စားဝတ်နေရေးကျပ်တည်းလာသည်။ ကျောင်းများ ပိတ်ထားရသဖြင့် ဆယ်ကျော်သက် မိန်းကလေးများ စိတ်ဖိစီးမှုများလာသကဲ့သို့ နိုင်ငံအချို့တွင် အရွယ်မတိုင်မီ အတင်းအကျပ်လက်ထပ်ခံခဲ့ရသည်။ သို့ဖြစ်၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ရပ်တန့်စေမည့် တစ်ခုတည်းသော နည်းလမ်းမှာ ထိုအပြုအမူမျိုးကို လူ့အသိုင်းအဝိုင်း တစ်ခုလုံးက မလွဲမသွေဆန့်ကျင်ကြရန်သာ ဖြစ်သည်။

အချုပ်အားဖြင့် ဆိုရလျှင် ကျား၊ မ တန်းတူညီမျှမှုနှင့် ကမ္ဘာအနှံ့ရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား စွမ်းဆောင်ရည်မြှင့်တင်မှုသည် ကုလသမဂ္ဂ၏ အခြားသောရည်မှန်းချက်ဖြစ်သည့် ဆင်းရဲမွဲတေမှုကို ပုံစံအမျိုးမျိုးဖြင့် အဆုံးသတ်ခြင်း၊ ငတ်မွတ်ခေါင်းပါးမှုကို တိုက်ဖျက်ခြင်း၊ စားနပ်ရိက္ခာဖူလုံမှု ရရှိခြင်း၊ လူတိုင်းအတွက် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ရရှိစေခြင်းတို့နှင့်လည်း ဆက်နွှယ်လျက်ရှိသည်။

အထူးသဖြင့် အမျိုးသမီးများ ပညာရည်မြင့်မားခြင်းသည် ၎င်းတို့၏ စဉ်းစားတွေးခေါ်မှု၊ ဗဟုသုတ၊ စွမ်းဆောင်ရည်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို တိုးပွားစေနိုင်သဖြင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ မြင့်တက်လာရေးနှင့် တိုက်ရိုက်အချိုးကျနေသည်။ ထို့ကြောင့် နိုင်ငံများအနေဖြင့် အမျိုးသမီးများ ပညာသင်ယူခွင့်ကို နည်းလမ်းပေါင်းစုံဖြင့် လမ်းဖွင့်ပေးထားရန် လိုအပ်သည်။

သို့ပါ၍ အမျိုးသမီးများ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးတို့အတွက် အကြမ်းဖက်ခံရမှုကို ထိထိရောက်ရောက် အကာအကွယ်ပေးနိုင်သည့် ဥပဒေများ နိုင်ငံအတွင်း ရှိရမည်ဖြစ်သလို တစ်အိမ်ထောင်၊ တစ်မိသားစုမှသည် အကြမ်းဖက်မခံရမည့် လုံခြုံသည့် ပတ်ဝန်းကျင်ကို အားလုံးပေါင်းစုံဖန်တီးပေးနိုင်မှသာ အမျိုးသမီးများ ဘဝသာယာလှပနိုင်တော့မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရသည်။ ။

**"ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် ပါဝင်သောအခြေခံအချက်ကြီး ငါးချက်အနက် အမှတ်စဉ် (၂) သည် "လူတိုင်း ကျား၊ မ မဟူ နိုင်ငံကြီးငယ်မရွေး အခြေခံလူ့အခွင့်အရေးများနှင့် တန်းတူရည်တူ အခွင့်အရေးရှိသည်ကို အလေးအနက်ဂရုပြုရန်" ဟူသည့် အချက် ဖြစ်သည်။ ကုလသမဂ္ဂ၏ ထောင်စုနှစ်ပန်းတိုင် (၁၇) ရပ်အနက် ပန်းတိုင် (၅)တွင်လည်း "ကျား၊ မ တန်းတူညီမျှရရှိရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များအားလုံး စွမ်းပကားတိုးတက်မြှင့်တင်ရေး" ဟူ၍ ချမှတ်ထားရာ ဤအချက်က နိုင်ငံအသီးသီးရှိ မူဝါဒချမှတ်သူများ၊ အင်စတီကျူးရှင်းများအပါအဝင် ပြည်သူလူထုအားလုံးက ကဏ္ဍအသီးသီး၌ အမျိုးသမီးများ တန်းတူညီမျှ ပါဝင်နိုင်ရေးအတွက် အစွမ်းကုန်ဖော်ဆောင်ပေးရန် လိုအပ်နေကြောင်း ဖော်ညွှန်းလျက်ရှိ "**

# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၇**

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီ တည်ထောင်လိုသော **ဝံသာနုပါတီ** နှင့် **ဒီမိုကရက်တစ်ပါတီ**တို့သည်လည်းကောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **ကချင်ပြည်နယ်ပြည်သူ့ပါတီ [Kachin State People's Party (KSPP)]** သည်လည်းကောင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီ တည်ထောင်ခွင့်၊ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၆ ပါတီ ရှိပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၁၁ ပါတီဖြစ်၍ စုစုပေါင်း ၁၇ ပါတီဖြစ်သည်။ ယင်း ၁၇ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ၅ ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီ ၁၂ ပါတီဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၇**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကု ဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) သည် ယနေ့တွင် ရမ်းဗြဲ မြို့နယ် ကျောက်နီမော်ကျေးရွာအုပ်စု ကျောက်နီမော်ကျေးရွာသို့ရောက်ရှိရာ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ အဆိုပါ နယ်လှည့် အထူးကုဆေးအဖွဲ့သည် ကျောက်နီမော်ကျေးရွာရှိ တိုက်နယ်ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ယင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၇၅၈ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၂၃ ဦး၊ ခွဲစိတ်ရောဂါ ၄၇ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၄ ဦး၊ ကလေးရောဂါ ၂၇ ဦး၊ အရိုးရောဂါ ၁၄၃ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၇၂ ဦး၊ မျက်စိရောဂါ ၂၀၀ နှင့် သွားနှင့်ခံတွင်းရောဂါ ၃၂ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ငါးဦး၊ မျက်စိခွဲစိတ်လူနာ ၁၀ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၆ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၇၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ နှစ်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည်-

"မျက်စိက ကြည့်လို့မကောင်းလို့ ဆေးရုံသင်္ဘောကြီးပေါ်မှာ မျက်စိကအစ တခြားသောရောဂါတွေဖြစ်တဲ့ အရိုးအကြောတွေပါတယ်ဆိုတော့ ဝမ်းသာအားရနဲ့ လာရောက်ပြသတာပါ။ သက်ဆိုင်တဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးကတစ်ဆင့် အသိပေးတဲ့အတွက် သိရပါတယ်။ ဒေသက ကျန်းမာရေးနဲ့ ပတ်သက်ပြီး အတော် အားနည်းပါတယ်။ မပြည့်စုံတဲ့သူ တစ်ဦးအနေနဲ့ အဝေးတစ်နေရာ သွားရောက်ကုသမယ်ဆိုလို့ရှိရင် ကုန်ကျစရိတ်က အတော်များပါတယ်။ မတတ်နိုင်ကြပါဘူး။ မတတ်နိုင်တဲ့အတွက် ဖြစ်သလို ဆေးမြီးတိုလေးတွေနဲ့ ကုသကြရပါတယ်။ အခုလို လာပြီး ကုသပေးတဲ့အတွက် အဆင်ပြေသွားပါတယ်။ ဒေသခံတွေကလည်း ပိုပြီးဝမ်းသာအားရဖြစ်မိပါတယ်။ အထူးသဖြင့် ဒီလိုမျိုးဖြစ်မြောက်အောင် လုပ်ဆောင်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တကွ သမားတော်ကြီးတွေ၊ ပါရဂူကြီးတွေ၊ ကျန်းမာရေးဝန်ထမ်းတွေနဲ့ အကုန်လုံး ဝိုင်းဝန်းပံ့ပိုးကြသော သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ ဖြစ်နိုင်လို့ရှိရင် နောက်နောင်နှစ်တွေမှာ အခုလိုလာရောက်ပြီး ကျွန်တော်တို့ နေရာဒေသရဲ့ ကျန်းမာရေးကို အားကောင်းအောင် လာရောက်ကုသပေးစေချင်ပါတယ်"





ဒေသခံပြည်သူများ

"ကျွန်တော်တို့ ဒေသက ကျန်းမာရေးနဲ့ ပတ်သက်ပြီး အခက်အခဲ အများကြီးရှိပါတယ်။ ရမ်းဗြဲကိုသွားမယ်ဆိုရင် ဒီကနေ ၂၅ မိုင်လောက် သွားရပါတယ်။ လမ်းခရီးကလည်း မကောင်းပါဘူး။ တချို့လူနာတွေဆိုရင် ဆေးကုသမယ့်စရိတ်ကို ခရီးသွားရင်းနဲ့၊ ကားငှားရင်းနဲ့ပဲ ပိုက်ဆံတွေကုန်သွားတယ်။ ကျွန်တော်တို့ဆီမှာ အခုလိုပင်လယ်သွား သံလွင်ဆေးရုံသင်္ဘောကြီးက ဒီလိုပါရဂူတွေ၊ ဆရာဝန်တွေ အများကြီးနဲ့လာပြီး ဆေးကုတော့ ကျွန်တော်တို့ စိတ်ထဲမှာ အများကြီး ဝမ်းပန်းတသာဖြစ်ရပါတယ်။ အခုဆိုရင် ဆေးရုံထဲမှာ လူတွေအများကြီး ကုသနေတာ တွေ့ရတော့ အများကြီး ဝမ်းသာရပါတယ်။ ကျွန်တော့် တစ်သက်မှာလည်း ဒါပထမဆုံး မြင်တွေ့ရတဲ့အတွက် အများကြီး ဝမ်းသာရပါတယ်။ အများကြီး ကျေးဇူးတင်ပါတယ်။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကို အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံသားတွေအပေါ်မှာ အခုလိုစေတနာထားပြီးတော့ ဝေးလံခေါင်ဖျားတဲ့ နေရာတွေကို လူတွေ ကျန်းမာရေး လာပြီးတော့ ကုသနိုင်အောင် စီမံဆောင်ရွက်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ကျွန်တော် နိုင်ငံသားတစ်ဦးအနေနဲ့ရော၊ ဆေးကုလာတဲ့ မိဘပြည်သူတွေနေနဲ့ရော သူတို့ရဲ့ကိုယ်စား အထူးပဲ ကျေးဇူးတင်ပါတယ်။ "

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ – ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဈ)ရပ်ကွက်နေ စိုးမြတ်နွယ်သည် ၎င်းအသုံးပြုသည့် "Soe Myat Nwe" Tik Tok အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၄) ရပ်ကွက်နေ

*စာမျက်နှာ ၁၇ သို့*

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၀၄ ရာခိုင်နှုန်းရှိ

### (၇-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၄၆၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၈၀,၄၈၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၉၄၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၁၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၃-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၁၅ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၇၀ | ၂၂၄၅ | ၂၃၄၅ | ၂၃၆၀ | ၂၂၅၅ | ၂၂၆၀ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၀ | ၂၅၃၀ | ၂၈၁၀ |
| 95 Ron | ၂၂၉၀ | ၂၃၄၀ | ၂၃၃၅ | ၂၂၉၅ | ၂၃၃၅ | ၂၃၆၀ | ၂၃၄၅ | ၂၃၂၀ | ၂၄၂၀ | ၂၄၃၅ | ၂၃၂၅ | ၂၃၄၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၇၅ | ၂၆၀၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၂၆၀ | ၂၃၁၀ | ၂၃၁၀ | ၂၂၇၀ | ၂၃၁၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၄၁၅ | ၂၄၁၀ | ၂၃၀၀ | ၂၃၁၅ | ၂၃၄၅ | ၂၃၅၀ | ၂၃၅၀ | ၂၅၈၀ | ၃၁၆၀ |
| HSD (50 ppm) | ၂၃၄၀ | ၂၃၉၀ | ၂၃၉၀ | ၂၃၅၀ | ၂၃၉၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၇၅ | ၂၄၉၅ | ၂၄၉၀ | ၂၃၈၀ | ၂၃၉၅ | ၂၄၂၅ | ၂၄၃၀ | ၂၄၃၀ | ၂၆၆၀ | ၃၁၉၀ |
| HSD (10 ppm) | ၂၃၄၀ | ၂၃၉၀ | ၂၃၉၀ | ၂၃၅၀ | ၂၃၉၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၇၅ | ၂၄၉၅ | ၂၄၉၀ | ၂၃၈၀ | ၂၃၉၅ | ၂၄၂၅ | ၂၄၃၀ | ၂၄၃၀ | ၂၆၆၀ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၀၂ | ၂၁၇၈ |
| 95 Ron | ၂၁၇၄ | ၂၂၅၁ |
| HSD (500 ppm) | ၂၁၅၃ | ၂၂၂၅ |
| HSD (50 ppm) | ၂၂၂၇ | ၂၃၀၁ |
| HSD (10 ppm) | ၂၂၂၇ | ၂၃၀၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၀၉၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

*စာမျက်နှာ ၁၆ မှ*

ဖြိုးဝေအောင်သည် ၎င်းအသုံးပြုသည့် “Phyo Wai Aung” Facebook အကောင့်၊ အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက်နေ ဝိုင်းမင်းခန့်(ခ) ဝတုတ်သည် ၎င်းအသုံးပြုသည့် “Waing Min Khant” Facebook အကောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဗိုလ်ဗိုလ်နိုင်ဝင်း(ခ)ဗိုလ်ဗိုလ်သည် ၎င်းအသုံးပြုသည့် “Bo Bo” Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၆) ရပ်ကွက်နေ ဇင်ဘိုမြင့်သည် ၎င်းအသုံးပြုသည့် “Zin Bo Myint” Facebook အကောင့်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့နယ် အမှတ်(၂)ရပ်ကွက်နေသူများဖြစ်သည့် မိုင်ဆမ်လူ (ခ)ဆမ်လူ၊ ကြယ်ကလေးနှင့် စိုင်းလောဝ်တို့ သုံးဦးသည် ၎င်းတို့အသုံးပြုသည့် Tik Tok အကောင့်များနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ ခင်ချိုထွေးသည် ၎င်းအသုံးပြုသည့် “Khin Cho Htwe” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့သက်ရှိ ၄၀ ရာခိုင်နှုန်း မှီခိုနေကြရသည့် ရေဝပ်ဒေသများ ထိန်းသိမ်းကာကွယ်

သိန်းညွန့်(PZL)





သဘာဝအမွေအနှစ်ဟူသည် နိုင်ငံတစ်နိုင်ငံစီအတွက် အရေးပါလှသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် တန်ဖိုးမဖြတ်နိုင်သော သဘာဝကပေးစွမ်းနိုင်သော အမွေအနှစ်များအနက် "ရေဝပ်ဒေသများ"သည် အရေးပါလှသည်။ နိုင်ငံစီးပွားရေး ဖော်ဆောင်ရာ၌လည်း အဓိကအခရာကျသော သဘာဝအရင်းအမြစ်တစ်ခုလည်းဖြစ်ပေသည်။

ကမ္ဘာတစ်ခွင် ရှုကြည့်လိုက်ပါ မြစ်၊ ချောင်း၊ အင်းအိုင်၊ မြစ်ကျိုးအင်းများ မြင်တွေ့ရှိနိုင်သကဲ့သို့ ပင်လယ်သဲသောင်ကမ်းပါးများ၊ သန္တာကျောက်ဆောင်၊ ကျောက်တန်းများကိုလည်း နေရာအနှံ့၌ တွေ့ရှိနိုင်သည်။ ထို့ပြင် ရွံ့နွံနှင့် ဒီရေတောများ၊ ဆည်ရေသောက်ဒေသများ၊ ရေလှောင်တမံများသည်လည်း "ရေဝပ်ဒေသများ" အဖြစ်ဖြင့် အရေးပါလျက်ရှိသည်။

## လူသားများအတွက် ရေကိုထောက်ပံ့

ပစ္စက္ခကာလ ကမ္ဘာတစ်ခွင်တွင် သက်ရှိသတ္တဝါများ အားလုံး၏ ၄၀ ရာခိုင်နှုန်းသည် ရေဝပ်ဒေသများအပေါ် အမှီသဟဲပြုကာ နေထိုင်ကြရသည်။ ယင်းဒေသများသည် သဘာဝအတိုင်း ရေကို သိုမှီးထားသိုနိုင်ခြင်း၊ အဆိပ်အတောက်များကို စစ်ထုတ်ပေးခြင်းနှင့် လူသားများအတွက် "ရေ"ကို ထောက်ပံ့ပေးနိုင်သည်။

လူသားများအတွက် ရေဝပ်ဒေသများမှတစ်ဆင့် စားနပ်ရိက္ခာများရရှိနိုင်ပြီး သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအတွက်လည်း အကျိုးရှိစေနိုင်ပေသည်။

## ဘူမိနက်သန်နေရာများ

ညွှန်းဆိုရပါလျှင် ရေဝပ်ဒေသများသည် ကမ္ဘာ့လူသားများအတွက် စိတ်အာဟာရ အပန်းဖြေစရာ ဘူမိနက်သန်နေရာများဖြစ်သကဲ့သို့ ဇီဝမျိုးစုံမျိုးကွဲများအတွက်လည်း နေအိမ်သဖွယ် ဖန်တီးပေးနိုင်ကြောင်း သိမှတ်ရပေသည်။

ဤကဲ့သို့ အရေးပါအရာရောက်လှသော ကမ္ဘာအနှံ့အပြားရှိ "ရေဝပ်ဒေသများ" ကာကွယ်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ လွန်ခဲ့သည့် ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်က ညီလာခံတစ်ရပ် ကျင်းပကာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ အီရန်နိုင်ငံ ရမ်ဆာမြို့ ကက်စပီယန် (Caspian) ပင်လယ်ကမ်းခြေတွင် ရေဝပ်ဒေသများထိန်းသိမ်းရေးဆိုင်ရာ ကွန်ဗင်းရှင်းကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်အတူ ကျင်းပခဲ့ခြင်းပင်ဖြစ်သည်။

## စံသတ်မှတ်ချက်ကိုးချက် သဘောတူသတ်မှတ်ခဲ့

ယင်းကွန်ဗင်းရှင်း စတင်ပေါ်ပေါက်ခဲ့သော ဖေဖော်ဝါရီ ၂ ရက်ကို "ကမ္ဘာ့ရေဝပ်ဒေသများနေ့" အဖြစ် သတ်မှတ်ခဲ့ကြကာ ရေဝပ်ဒေသတစ်ခုကို နိုင်ငံတကာအဆင့်အရေးပါသော "ရမ်ဆာရေဝပ်ဒေသ" (RamsarSite) အဖြစ် သတ်မှတ်နိုင်ရေးအတွက် "စံသတ်မှတ်ချက်ကိုးချက်"ကို သဘောတူသတ်မှတ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် လွန်ခဲ့သော ၂၀၀၅ ခုနှစ် မတ် ၁၇ ရက်မှ အစပြု၍ "နိုင်ငံတကာအဆင့် ရေဝပ်ဒေသများထိန်းသိမ်းရေးဆိုင်ရာ ကွန်ဗင်းရှင်း" ၌ အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင် ဆောင်ရွက်ခဲ့သည်။

## မြန်မာနိုင်ငံအတွင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများ သတ်မှတ်ထား

မြန်မာနိုင်ငံအတွင်း နိုင်ငံတကာအဆင့်ရေဝပ်ဒေသများ၊ မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မုတ္တမပင်လယ်ကွေ့ဒေသ၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် နံ့သာကျွန်းနှင့် မေယုမြစ်ဝဒေသများကို ထည့်သွင်းသတ်မှတ်ထားသည်။

ရေဝပ်ဒေသများပျက်စီးရခြင်း အဓိကအကြောင်းရင်း ငါးချက်ကိုတွေ့ရှိထားရသည်။ ယင်းတို့မှာ စိုက်ပျိုးမြေများ တိုးပွားချဲ့ထွင်လာခြင်း၊ ဓာတုပိုးသတ်ဆေးများ အလွန်အကျွံအသုံးပြုခြင်း၊ စက်ရုံအလုပ်ရုံများမှ အညစ်အကြေးစွန့်မှု၊ ငါးများ စည်းကမ်းမဲ့ဖမ်းဆီးခြင်းနှင့် ဒေသရင်းမဟုတ်သော ပြင်ပမှမျိုးစိတ်များ ဝင်ရောက်လာခြင်းတို့ဖြစ်ကြောင်း သိမှတ်ရ



ကွင်းဆင်းစေ့ငုလေ့လာချက်များအရ ရေဝပ်ဒေသများပျက်စီးရခြင်း အဓိကအကြောင်းရင်း ငါးချက်ကို တွေ့ရှိထားရသည်။ ယင်းတို့မှာ စိုက်ပျိုးမြေများတိုးပွားချဲ့ထွင်လာခြင်း၊ ဓာတုပိုးသတ်ဆေးများ အလွန်အကျွံအသုံးပြုခြင်း၊ စက်ရုံအလုပ်ရုံများမှ အညစ်အကြေးစွန့်မှု၊ ငါးများစည်းကမ်းမဲ့ဖမ်းဆီးခြင်းနှင့် ဒေသရင်းမဟုတ်သော ပြင်ပမှမျိုးစိတ်များ ဝင်ရောက်လာခြင်းတို့ဖြစ်ကြောင်း သိမှတ်ရသည်။

## ရေဝပ်ဒေသများ ရေရှည်ထိန်းသိမ်းရန် ကမ္ဘာ့နိုင်ငံများက စီမံချက်များ ချမှတ်ဖော်ဆောင်

ရေဝပ်ဒေသများသည် ဇီဝမျိုးစုံမျိုးကွဲများနှင့် လူသားများအတွက် စားနပ်ရိက္ခာများသာမက ဆေးဝါးနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးနိုင်သည်။ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်အသွယ်သွယ်ကို ကာကွယ်တားဆီးနိုင်သကဲ့သို့ စိတ်အပန်းဖြေကာ စိတ်အေးချမ်းမှုကိုပေးစွမ်းနိုင်ခြင်းနှင့် ဂေဟစနစ်ဝန်ဆောင်မှု အဖုံဖုံကို ထောက်ပံ့ပေးနိုင်ရာ ယင်းတို့ကိုရေရှည်အတွက် ထိန်းသိမ်းကာကွယ်ရန် ကမ္ဘာ့နိုင်ငံအသီးသီးက စနစ်တကျ စီမံချက်များ ချမှတ်ဖော်ဆောင်နေရခြင်း ပင်ဖြစ်ပေသည်။

ယခု **"၂၀၂၃ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့"** အတွက် ကမ္ဘာတစ်ဝန်းလွှမ်းခြုံဖော်ဆောင်နိုင်ရေး ဆောင်ပုဒ်အဖြစ် "ရေဝပ်ဒေသများ တည်တံ့ဖို့ ခုချိန်ကစ ပြန်လည်တည်ထောင်ထိန်းသိမ်းစို့" ဟူသောကြွေးကြော်သံဖြင့် "လူထုအားမာန်" ကို တပ်လှန့်နှိုးဆော်ထားသည်။

ခြုံ၍ဖော်ပြရပါလျှင် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂ ရက်တွင် ကျရောက်ခဲ့သော "ကမ္ဘာ့ရေဝပ်ဒေသများနေ့" ဆောင်ပုဒ်သည် ကမ္ဘာ့လူသားထုအတွက် မဖြစ်မနေ ပူးပေါင်းပါဝင် ဖော်ဆောင်ပြရမည့် "တာဝန်" ကို မီးမောင်းထိုးထားခြင်းပင် ဖြစ်ပါကြောင်း။ ။







# မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ (၂၀၂၃) အကြိုလှုပ်ရှားမှုအစီအစဉ်အဖြစ် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသမှုဆောင်ရွက်



နေပြည်တော် မတ် ၇

မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ကိုပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ရည်ရွယ်၍ ဘာသာရပ်ဆိုင်ရာ နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဆေးပညာရှင်များ၊ အငြိမ်းစား ဆေးပညာရှင်များ၊ သူနာပြုများနှင့် အခြားဆေးဘက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ ပြင်ပဆေးပညာရှင်များ ပါဝင်ကာ မတ် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အဆိုပါ နှီးနှောဖလှယ်ပွဲ၏ အကြိုလှုပ်ရှားမှုအစီအစဉ်အဖြစ် မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အခမဲ့ခွဲစိတ်ကုသမှုကို မတ် ၄ ရက်နှင့် ၅ ရက်တို့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ဆောင်ရွက်သည်။

အဆိုပါ ခွဲစိတ်ကုသမှုတွင် နေပြည်တော်နှင့် အနီးတစ်ဝိုက်ရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၂၂ ဦးအား အခမဲ့ခွဲစိတ်ကုသပေးခဲ့ပြီး ခွဲစိတ်ကုသမှုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မျက်နှာနှင့် မေးရိုး ခွဲစိတ်ကုပညာဌာနမှ ပါမောက္ခဒေါက်တာလှမျိုးနိုင်နှင့် မေ့ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာမြစိုးတို့ ဦးဆောင်သော အဖွဲ့၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ မေ့ဆေး အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနုနုမေ ဦးဆောင်သော အဖွဲ့တို့နှင့်အတူ ဂျပန်နိုင်ငံ Japan Heart အဖွဲ့မှ မျက်နှာနှင့် မေးရိုးအထူးကုဆရာဝန် Dr Naoko KISHI တို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်းနှင့် ခွဲစိတ်ကုသမှု ခံယူသော ကလေးများအားလုံးသည် ကျန်းမာရေးအခြေအနေ ကောင်းမွန်သဖြင့် မတ် ၆ ရက်တွင် ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်သည်။

အလားတူ မြန်မာနိုင်ငံ ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)၏ အကြိုလှုပ်ရှားမှု အစီအစဉ်အဖြစ် မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အခမဲ့ခွဲစိတ်ကုသမှုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဖေဖော်ဝါရီ ၂ ရက်မှ မတ် ၃ ရက်အတွင်း လူနာ ၃၂ ဦးကို အခမဲ့ ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးခဲ့ကာ ပြည်သူ့ဆေးရုံကြီး မော်လမြိုင်မြို့၌ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက်အတွင်း လူနာ ၃၀ အား အခမဲ့ ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**မြန်မာ့အလင်း**

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | - မြင့်စိုး |
| **သတင်းထောက်မှူး** | - ခင်ရတနာ |
| **စာတည်းများ** | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| **ဘာသာပြန် စာတည်း** | - ချူးစန္ဒီရွှေ၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | - တင်စိုး |
| **သုတေသန** | - အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | - သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-**စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၇

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်နှင့် တံတားဦး(လေကြောင်း မိုးလေဝသ)နှင့် မကွေးမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ပူတာအိုမြို့တွင် ၀ ဒသမ ၀၄ လက်မဖြစ်သည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၃ - ၂၀၂၃

| ရွှေ | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၇၇၁၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၇၈၃၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၄၈ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၄၉ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၂၇၀ ကျပ် | ၂၃၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၅၀ ကျပ် | ၂၄၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၉၅ ကျပ် | ၂၂၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၇၀ ကျပ် | ၂၃၂၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၃၈ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၆၀ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၇၉၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၆ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၉ . ၅၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၃ . ၉၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၅၅ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၃၀၀ | ၂၄၆၀၀၀၀ |
| MTSH | ၃၂၀၀ | ၃၂၅၀ | ၃၈၉၅ | ၁၂၄၆၄၀၅၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၁၀ | ၇၅၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၀၀ | ၂၆၅၀ | ၂၉ | ၇၆၈၅၀ |
| EFR | ၂၆၅၀ | ၂၆၀၀ | ၃၅ | ၉၁၀၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၇၀ | ၃၄၃၀၀၀ |

ညီညီ - စုစည်းသည်

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ်-၃၄၊ ဒုတိယထပ်(၃လွှာ/အေ)(ခေါင်းရင်းခန်း)၊ ဧရိယာ (၁၅ပေ x ၆၀ပေ) ရှိ ရေမီးအပြည့်အစုံ တိုက်ခန်း(၁)ခန်းအား ဒေါ်သက်စံနှင်း (၁၂/ပဇတ(နိုင်)၁၃၂၇၅၅) မှ ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး အကျိုးခံစားခွင့်နှင့် အခွင့်အရေးအရပ်ရပ်ရှိ၍ အမှုအခင်းအရှုပ်အထွေးကင်းရှင်းကြောင်း ဝန်ခံကာ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း တာဝန်ယူလျက် အပြီးအပိုင် လက်ရောက်လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းချက်အပေါ် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် လက်ခံသဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူကြသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေမှ ဒေါ်သက်စံနှင်း ထံ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အောက်ပါလိပ်စာအတိုင်း ကျွန်ုပ်ထံကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်ဖြူဖြူညွန့်**

B.A, H.G.P, D.B.L, D.M.L အထက်တန်းရှေ့နေ

အမှတ် - ၅၈ / ၃၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၄၃၇၇၉

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်3H/1366၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများ သိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်8H/2810၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများ သိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**(ကော့ကရိတ်)**

## အများသိစေရန် အသိပေးကြေညာခြင်း

မွန်ပြည်နယ်၊ သထုံမြို့၊ လေးတိုင်ကျေးရွာ ထောင်မှူးအုပ်စု၊ သထုံ-ဘားအံ လမ်းမကြီး၊ အမှတ်(၃၉)နေ ဒေါ်နော်သန်းသန်းရီ (ခ) ဒေါ်သော်တာ (၁၂/တတန(နိုင်)၁၁၈၇၁၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နော်သန်းသန်းရီ(ခ)ဒေါ်သော်တာမှာ ကွယ်လွန်သူမိဘများဖြစ်ကြသည့် ဖခင်ဦးခင်မောင်အေးနှင့် မိခင် ဒေါ်သန်းမေဒွေးတို့၏ သမီးတစ်ဦးဖြစ်ပြီး ဖခင် ဦးခင်မောင်အေး၏ အမည်ပေါက်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၈၆၀) ရှိ နေအိမ်ခြံမြေကွက်မှာ မိဘများကွယ်လွန်ပြီးနောက် ကျန်ရှိသည့် သားသမီးများမှ ခွဲဝေယူကြရန် ညှိနှိုင်း၍ မရသောကြောင့် အဆိုပါနေအိမ်ခြံမြေကွက်အား အမွေဆိုင်တစ်ဦးဖြစ်သည့် ကျွန်ုပ်မိတ်ဆွေ ဒေါ်နော်သန်းသန်းရီ(ခ)ဒေါ်သော်တာ သိရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် တစ်စုံတစ်ရာ လွှဲပြောင်းခြင်းမျိုးကို သဘောမတူညီပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**(ဒေါ်နော်သန်းသန်းရီ(ခ)ဒေါ်သော်တာ၏ လွှဲအပ်ညွှန်ကြားချက်အရ-)**

**ဒေါ်စုရည်လှိုင် (LL.B)**

**အထက်တန်းရှေ့နေ (စဉ်-၄၃၄၅၀)**

**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**ဖုန်း-၀၉-၄၂၂၄၄၉၄၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဗိုလ်ဆွန်ပတ်လမ်း(အထက်)၊ အမှတ်-၃၄၃၊ ၃လွှာ၊ (တိုက်ရှေ့မျက်နှာမှုလျှင်ဘယ်ဘက်) အကျယ်အဝန်းပေ(၁၂ $\frac{၁}{၂}$ x ၆၀) ရှိတိုက်ခန်းကို ဒေါ်အိုက်ရှာဘီဘီ ၁၂/ပဘတ(ပြု) ၀၀၀၅၁၃ က တရားဝင်ပိုင်ဆိုင်ကာ လက်ရှိထားပိုင်ဆိုင်သူဖြစ်ကြောင်း ကိုယ်တိုင်စီမံခန့်ခွဲကာ ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိပါကြောင်း မြွက်ဟကြေညာလျက် တရားဝင်ရောင်းချပိုင်ခွင့်ရှိပါကြောင်းနှင့် အခြားသူတစ်ဦးဦးအားရောင်းချ၊ ပေါင်နှံ၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းမရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ) ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လှဲ့လှဲ့ဝင်း (LL.B)၊ အထက်တန်းရှေ့နေ (စဉ်-၅၃၅၄၃)**

**တိုက်အမှတ်-၉/၁၁၊ ၃/ခ ၊ မြေညီ၊ ၃၆-လမ်းတို(အောက်)၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၉၅၄၂၂၃၇၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/99398 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထွန်းကျော်၁၄/လပတ(နိုင်)၂၇၄၆၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## အလိမ္မာ စာမှာရှိ

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခင်မာရီ ၁၂/မရက(နိုင်)၁၃၃၅၅၅ ၏ နိုင်ငံကူးလက်မှတ် MD-941761 ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၂၆၂၅၅၂**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးခင်လတ် ၏ သား ဦးမင်းအာကာထွန်း ၁၄/မမန(နိုင်)၂၂၁၁၆၂ ၏ နိုင်ငံကူးလက်မှတ် နံပါတ်မမှတ်မိ ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉၇၇၅၆၂၀၉၈၄**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ရွှေစံပယ်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် (၁၅)နေ ဒေါ်ထိန်လျှန် (၁၃/တကန (နိုင်) ၂၉၂၁၃၆) သည် အောက်ဖော်ပြပါ ကုန်အမှတ် တံဆိပ်ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းထားသည့်အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ပါသည်-




**စာချုပ်အမှတ်(၁၀၃၄၀/၂၀၂၂)**

အထက်ဖော်ပြပါ "**လေးထောင့်ကန်** သောက်ရေသန့်" ဟူသော ကုန်အမှတ်တံဆိပ်အမှတ်အသားကို မိမိထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော ကုန်ပစ္စည်းများအပေါ်တွင်အသုံးပြုမည့်အပြင် လုပ်ငန်း၏ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ သတင်းစာကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗွီနိုင်း၊ Letter Head, Internet, Website, Facebook အစရှိသည်တို့နှင့် ခေတ်နှင့် အညီပေါ်ပေါက်လာသည့် နည်းပညာတို့တွင်လည်း အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်ကို အရွယ်အစားအမျိုးမျိုး၊ အရောင်အသွေးအမျိုးမျိုးပြုလုပ်၍ သောက်ရေသန့်ကို ထည့်သွင်းအသုံးပြုမည့် ဘူးဆိုဒ်အမျိုးမျိုး၊ ပလပ်စတစ်အိတ်၊ ပလပ်စတစ်ပတ်၊ စက္ကူပုံး၊ စက္ကူဘူး၊ စက္ကူပတ်၊ ပါဆယ်ထုတ် အစရှိသည်တို့အပေါ်တွင် အမှတ်တံဆိပ်အဖြစ် ကပ်နှိပ်ဖော်ပြ၍လည်းကောင်း၊ ယင်းသောက်ရေသန့်လုပ်ငန်းနှင့်သက်ဆိုင်သည့်လုပ်ငန်းများတွင် ရိုက်နှိပ်ဖော်ပြ၍လည်းကောင်း အသုံးပြုလျက်ရှိပါသည်။

မည်သူမဆို အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့် စာလုံးဒီဇိုင်းပုံတံဆိပ်များ၏အမှတ်အသားများကို ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ အတုပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပပြုလုပ်ခြင်း၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ပါရန်နှင့် တစ်နည်းနည်းဖြင့် ထိခိုက်နစ်နာစေရန် ဆောင်ရွက်လာခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်အေးကျော့ဆွေ** (LL.B.) **ဒေါ်သက်ဆုလှိုင်မောင်** (LL.B.)

**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၇၉၇) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၆၆၄)**

**အမှတ် (၃၆)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**

**ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၉၉၉၃၄၃၅၃ ၊ ၀၉-၇၈၅၀၀၉၈၉၃**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ နန္ဒဝန်ရပ်နေ ဦးအောင်မင်းလတ် ၈/ပခက(နိုင်)၁၄၇၄၇၃၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကန့်ကွက်နိုင်ပါကြောင်းဖြင့် အသိပေးကြေညာအပ်သည်မှာ-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/ အကွက်အမှတ်-RA-II/ကွက်ပြင်(၂)၊ ဦးပိုင်အမှတ် ၁၀၂-ဃ/၂၊ မြေယာအမှတ် 193/ 315-K₂၊ မြေဧရိယာ(၀ဒသမ၂၀၀)ကေရှိ ဂရန်မြေနှင့်ယင်းမြေပေါ်ပါ နေအိမ်အဆောက်အအုံ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၏ မြေငှားဂရန်အမှုတွဲအမှတ် ၂၂၁/၂၀၁၂-၂၀၁၃၊ ဂရန်စာချုပ်နံပါတ်-၁၇၆/၂၀၁၂-၂၀၁၃အရ ဂရန်အမည်ပေါက်သူ ဒေါ်ထွန်း၉/မမန(နိုင်) ၀၂၉၆၇၇ ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အလို့ငှာ ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဂရန်မြေနေအိမ် အဆောက်အအုံနှင့်စပ်လျဉ်းပြီး တရားဝင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုသည် ယနေ့မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာ ရုံးဌာနအသီးသီးတွင် တရားဝင်ပိုင်ဆိုင်မှု မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ထားသည့်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်သည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးအောင်မင်းလတ်**
**၈/ပခက(နိုင်)၁၄၇၄၇၃**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးပပဝင်း(LL.B,D.B.L,WIPO(Switzerland))**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၈၂/၂၀၁၂)**
**အခန်းအမှတ်(၂၄)၊ YMCAတိုက်ခန်း၊ မန္တလေး- လားရှိုးလမ်းမကြီး၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၂၀၅၀၁၂၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၅၊ မြေကွက်အမှတ်- ၁၄၁၆၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဒေါ်မိမိအမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုရောင်းချသူ ဦးကျော်သူရအောင်(၁၂/ဒဂတ(နိုင်)၀၄၁၁၈၉)က အဆက်အစပ် အရောင်းအဝယ်ကတိစာချုပ်များဖြင့် လက်ရောက်ရယူဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဦးကျော်သူရအောင်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစိတ်တဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း) များနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၅) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်မိုးမြတ် (LL.B, D.B.L)** **ဒေါ်စုမြတ်သဇင် (LL.B, LLM)** **ဒေါ်မျိုးပပအောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ**

**(စဉ်-၁၆၂၁၂/၁၉-၁၁-၂၀၁၉) (စဉ်-၁၅၆၀၁/၁၁-၇-၂၀၁၉) (စဉ်-၃၉၂၀၁/၂၅-၆-၂၀၁၂)**

**အမှတ်- ၆၂၊ (ပထမထပ်)၊ အခန်းအမှတ် (၄)၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်**

**ဖုန်း - ၀၉ ၄၅၆၉၉၁၂၂၉ ၊ ၀၉ ၄၂၀၀၈၄၉၉၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ကုန်းမြင့်သာလမ်းသွယ် (၁)၊ မြေကွက်အမှတ် (၃၄)ဟုခေါ်တွင်သော အကွက်အမှတ် (၂၉)၊ ညောင်သုံးပင်တောင်ကွက်၊ ဦးပိုင်အမှတ် (၆၈/ခ)၊ ဒုတိယဗိုလ်မှူးကြီးကျော်မြင့်အမည်ပေါက် ဧရိယာ ၀ဒသမ၀၈၀၈ကေရှိ မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးသန်းဌေး (ဘ)ဦးခွေး ၁၂/စခန(နိုင်)၀၄၆၉၂၅ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကေသီမျိုးဆင့်(ဘ) ဦးဟုတ်ရွှေ ၁၂/သလန(နိုင်)၀၇၁၇၁၅က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ကန့် ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးဇာနည် (LL.B., D.B.L)** **ဒေါ်နှင်းနှင်းထွေး(LL.B)(စဉ်-၂၄၉၆၈)**
**(စဉ်-၁၄၆၆၈)** **ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်(LL.B)**
**(စဉ်-၅၀၈၅၄)**

**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**

**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂)ရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## အမည်နှင့်မွေးသက္ကရာဇ် အမှန်ဖြစ်ပါကြောင်း

နတ်မောက်မြို့၊ ဈေးရပ်ကွက်နေ ဦးမောင်မောင်လတ်(ခ) MUNI YANDI၏သမီးဖြစ်သူ မစုမြတ်ရတီ(ခ) မဇူးဇူးလတ် ၈/နမန(ပြု)၀၀၀၀ ၄၄ ၏ အမည်မှန်မှာ မစုမြတ်ရတီဖြစ်ပါကြောင်းနှင့် ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၁၆-၄-၂၀၀၂ ဖြစ်ပါကြောင်း။

**မစုမြတ်ရတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်မင်းနိုင် ၅/ယမပ(နိုင်)၁၁၀၃၁၉၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၄၃၄၂၈၆၅**

**မွေးသက္ကရာဇ် အမှန်**

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဂြစ်ချောင်းကျေးရွာနေ ဦးနုသိန်းအောင်၊ ဒေါ်မခင်ရီတို့၏သမီး မဇင်မာချို ၁၁/ပတန(နိုင်)၁၃၀၂၃၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၂-၂၀၀၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ ပုဏ္ဏမီလမ်း၊ မြေကွက်အမှတ်(၁၃၂၃)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးအောင်ဝင်း (၇/ကဝန(နိုင်)၀၀၁၀၆၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူအမည်ပေါက်ပိုင်ရှင် ဦးအောင်ဝင်း (၇/ကဝန(နိုင်)၀၀၁၀၆၆) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး** — **LL.B, D.B.L, D.I.L.,** — တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၈၅၂) — **Hein Htet San Law Firm**

**ဒေါ်လင်းလင်းထက်** — **LL.B,** — အထက်တန်းရှေ့နေ(စဉ်- ၄၈၃၃၈) — ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(တိုးချဲ့)ရပ်ကွက်၊ အေးမေတ္တာ၊ မြေကွက်အမှတ်(၁၄၂၂)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်ကြည် (၁၂/သဃက (နိုင်)၁၅၇၉၆၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး** — **LL.B, D.B.L, D.I.L.,** — တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၈၅၂) — **Hein Htet San Law Firm**

**ဒေါ်လင်းလင်းထက်** — **LL.B,** — အထက်တန်းရှေ့နေ(စဉ်- ၄၈၃၃၈) — ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၁၇)လမ်း၊ တိုက်အမှတ် (၇၆၅/က)၊ အခန်း (ဒုတိယထပ်)(၃လွှာ) ၊ အကျယ်အဝန်း (၁၈ပေ× ၅၅ပေ)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ယဉ်ယဉ်ဝင်း (၁၂/ရကန (နိုင်) ၀၀၂၈၈၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး** — **LL.B, D.B.L, D.I.L.,** — တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၈၅၂) — **Hein Htet San Law Firm**

**ဒေါ်လင်းလင်းထက်** — **LL.B,** — အထက်တန်းရှေ့နေ(စဉ်- ၄၈၃၃၈) — ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ ပန်းဝါ(၁)လမ်း၊ မြေကွက်အမှတ်(၈၅)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဒေါ်စန်းစန်းထွေး (၁၃/တကန(နိုင်)၁၄၆၂၉၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူအမည်ပေါက်ပိုင်ရှင် ဒေါ်စန်းစန်းထွေး (၁၃/တကန(နိုင်)၁၄၆၂၉၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး** — **LL.B, D.B.L, D.I.L.,** — တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၈၅၂) — **Hein Htet San Law Firm**

**ဒေါ်လင်းလင်းထက်** — **LL.B,** — အထက်တန်းရှေ့နေ(စဉ်- ၄၈၃၃၈) — ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်–၃၉

၁။ ဦးနေမျိုး နှင့် ၁။ ဒေါ်မေမျိုးဇံအောင်
၂။ ဦးကိုကိုနိုင် ၂။ ဒေါ်ငွေတင်
၃။ ဒေါ်ဇော်ရာဘီဘီ
၄။ ဦးစိန်ပုလဲ
၅။ ဒေါ်နီနီခိုင်
၆။ ဒေါ်မြင့်မြင့်ခင်
၇။ ဒေါ်ခင်လေးဆွေ

**တရားလိုများ** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃) ရပ်ကွက်၊ ၃/မာန်ပြေအနောက်(၁၉)လမ်း၊ အမှတ်(၁)ရပ်နေ ဒေါ်မေမျိုးဇံအောင်၊ ဒေါ်ငွေတင်၊ ဒေါ်ဇော်ရာဘီဘီ၊ ဦးစိန်ပုလဲ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၈၅၄)ရပ်နေ ဒေါ်နီနီခိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ၃/ရန်ပြေ(၁၆)လမ်း၊ အမှတ်(၄၀)ရပ်နေ ဒေါ်မြင့်မြင့်ခင်၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ၃/မာန်ပြေအနောက်(၁၉)လမ်း၊ အမှတ်(၁)ရပ်နေ ဒေါ်ခင်လေးဆွေ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ ဦးနေမျိုးပါ–၂က ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် မတ်လ ၁၇ရက်(၁၃၈၄ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် မတ်လ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်မြ)
**ခရိုင်တရားသူကြီး**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ကွင်းအကွက်အမှတ်နှင့် အမည်(၄၈/စာတိုက်)၊ မြေကွက်အမှတ် ($81\frac{1}{2}$ + 82)၊ ဧရိယာ ၀ ဒသမ ၁၇၄ ဧကရှိ ဗိုလ်မှူးကြီးစိုးမြင့် ၁၂/ဥကတ(နိုင်)၁၅၂၃၉၂ အား ၁၄–၆–၂၀၀၈ရက်တွင် မြေပေးအမိန့် အမှတ်စဉ်(၁၄)ဖြင့် တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထုတ်ပေးထားသော မြေပေးမိန့်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးစိုးမြင့်**
**အမှတ် ၆၄၊ ဘူတာလမ်း၊ မြို့မ (၃)ရပ်ကွက်**
**ညောင်လေးပင်မြို့၊ ဖုန်း–၀၉–၅၀၁၅၉၉၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၄၊ မိသားရပ်)၊ ဦးပိုင်အမှတ်(၁၄၉)၊ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိမြေကွက်အားမူလက ဒေါ်တင်တင်အမည်ဖြင့် (၂၃–၁–၂၀၁၀)ရက်အထိ မြေငှားဂရန်သက်တမ်းရ ရှိထားသော မြေကွက်ဖြစ်ပြီး မူလဂရန်အမည်ပေါက်သူ ဒေါ်တင်တင်ထံမှ ဦးပိုင် (၁၄၉/ခ)၊ မြေဧရိယာ(၀ဒသမ၀၄၇)ဧကအပိုင်းကို ဒေါ်မေရီထွန်းက (၈–၄–၂၀၂၂) ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် (၁၁၉/၂၀၂၂)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်မေရီထွန်း ၁/မကန(နိုင်) ၀၉၅၉၄၉အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ မြေငှားဂရန် ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အောက်ဝါးနက်ချောင်း ကျေးရွာ၊ လေထီးလမ်း၊ အမှတ် ၅၉၄/ခ၊ ဦးပိုင်အမှတ် ၅၇/၄ဟုခေါ်တွင်သော အလျား (၈၇)ပေ x အနံ(၂၀၀)ပေရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ ဂိုဒေါင်အပါ အဝင် သီးပင်၊ စားပင်၊ ခြံမြေပေါ် ခြံမြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိပိုင်ဆိုင်မှုဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူ ဒေါ်သီတာစိုး ၁၂/မဘန(နိုင်)၁၀၂၉၅၄ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်ထွေး ၁၂/ပဘတ(နိုင်) ၀၁၃၄၇၁**
**ဖုန်း–၀၉–၄၄၃၂၃၅၄၃၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၂

**ဦးတင်မောင်စိုး** နှင့် **ဒေါ်သောင်းညွန့်**
**တရားလို** **တရားပြိုင်**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ် (၅)ရပ်ကွက်၊ နယ်မြေ (၃)၊ အကွက်ကြီး –၃၄၊ အမှတ် (၈၇)နေ ဒေါ်သောင်းညွန့်(ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက နှစ်ဦးသဘောတူအိမ်/ခြံ/မြေကွက်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ် မတ် ၂၄ရက် (၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ မတ် ၃ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စိုးညွန့်)
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/8226 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1C/6478 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းဝေ ၁၂/သဃက(နိုင်)၁၈၅၆၈၆၊ အမှတ် (၁၄၀)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်/နောက် ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေသူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းဝေမှ ၎င်း၏သားဖြစ်သူ မောင်ထွန်းမင်းလတ် ၁၂/မဂတ(နိုင်)၁၀၈၀၁၁ သည် ဖခင်၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ၎င်း၏ သဘောဆန္ဒဖြင့် နေအိမ်မှဆင်းသွား၍ ၁၀–၈–၂၀၂၂ရက်တွင် ကြေးမုံသတင်းစာ၌ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။ သားနှင့် ၎င်း၏ဇနီးတို့မှ မှားကြောင်း ဝန်ခံတောင်းပန်ခဲ့၍ ဖခင်မှ ခွင့်လွှတ်ပေးခဲ့ပါသည်။

ယခုအခါ သားဖြစ်သူ မောင်ထွန်းမင်းလတ်နှင့် ၎င်း၏ဇနီး မကျော်သီရိစိုး ၁၂/လမန(နိုင်)၁၅၅၇၃၄ တို့သည် ဖခင်၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ခွင့်မလွှတ်နိုင်သည့်လိမ်လည်စော်ကားမှုကို ကျူးလွန်ခဲ့ခြင်းတို့ကြောင့် သားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာပါသည်။ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၎င်းတို့နှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်ကိုမျှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းနှင့် ထပ်မံ၍ ၎င်းတို့နှစ်ဦးမှ ဖခင်၏ ဂုဏ်သိက္ခာကျဆင်းစေရန် လူမှုကွန်ရက်စာမျက်နှာနှင့် မိတ်ဆွေအသိုင်းအဝိုင်းများကြားတွင် ပြုမူပြောဆိုဆောင်ရွက်ခြင်းများပြုလုပ်ခြင်းနှင့် ပူးပေါင်းပါဝင်ကူညီသူများအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးသူဇာမြင့် (LL.B)စဉ်–၄၉၅၁၃၊ အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ခိုင်ရွှေဝါလမ်း၊ ပေါက်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၂၁၁၄၈၄၃၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ဦးပိုင်(၂၈၃၈+၂၈၃၉+၂၈၄၀+၂၈၄၁)၊ ဧရိယာ ၀ ဒသမ ၃၈၇ဧကအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၅–၁–၂၀၀၆ ရက်စွဲပါ စာအမှတ် ၂၀၂၆/၂–၆/ ပယက(ရှမ်း) ဖြင့် ဦးရန်မြင်ရှု(ခ)ငွေးနိုင် ၁၃/နခန(ညွှဲ့)၀၀၀၁၃၀သို့ မြေနေရာချထားပေးခဲ့ပြီး ဦးရန်မြင်ရှု(ခ)ငွေးနိုင်မှ ဦးစိုးလှိုင် ၉/မမန(နိုင်)၀၈၇၈၉၁ သို့ ရောင်းချပြီးဖြစ်သဖြင့် ဦးစိုးလှိုင် အမည်ဖြင့် မြေငှားဂရန် အသစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့် ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၈၅၃)၊ ဧရိယာ ၀ဒသမ ၀၉၆ဧက အမှုတွဲ အမှတ် ၁၄၀–၅/၂၀၀၈–၂၀၀၉(အေ)ဖြင့် ဦးအားဖုန်မှ အမည်ပေါက် ပိုင်ဆိုင်ပြီး ဦးအားဖုန်မှာ ၂၉–၁၁–၂၀၁၁ရက်တွင် ကွယ်လွန်သွားပါ သဖြင့် ဇနီးဒေါ်ကျင်ငယ် ၁၃/လရန(နိုင်)၁၂၀၉၅၅ မှ အမွေဆက်ခံစာချုပ်(၁၈၉I/၂၀၁၄)ဖြင့် အမွေဆက်ခံခဲ့ပြီး ဒေါ်ကျင်ငယ်၏ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဦးစိုင်းလုံ ၁၃/လရန(နိုင်)၀၉၅၂၀၀ မှ ရောင်း/ဝယ်စာချုပ်(၅၂၆I/၂၀၂၂)ဖြင့် ဒေါ်မေခွမ် ၁၃/လရန(နိုင်)၀၆၉၅၂၉ ထံရောင်းချပေးပြီးဖြစ်၍ အမည်ပြောင်းထပ်မံ အသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများ ရှိပါက ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့် ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**




## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကျောက်ပန်းတောင်းမြို့နယ်၊ ဆည်ပေါက်ကျေးရွာအုပ်စု၊ ဆည်ပေါက်ကျေးရွာနေ ဦးညီထွေး ၉/ကပတ(နိုင်)၀၂၈၃၀၃ ပိုင်ဆိုင်သည့် ညောင်ကန်(အနောက်ကွင်း)၊ ကွင်းအမှတ်(၂၀၈၂)၏ယာမြေ လုပ်ပိုင်ခွင့်ပုံစံ(၇) ပျောက်ဆုံးသွားပါသဖြင့် ပုံစံ(၇)အသစ် ပြန်လည်လျှောက်ထားသွားမည်ဖြစ်ရာ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကျွန်တော့်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးညီထွေး ဖုန်း–၀၉–၇၉၄၅၅၅၀၈၁**

## ပြင်ဆင်ဖတ်ရှုပါရန်

၁–၃–၂၀၂၃ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၃) ဒေါ်နုနုယဉ် တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၀၁၄)၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇၃)အစား မြေတိုင်းရပ်ကွက်အမှတ်(၇၇)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

ဒေးဒရဲမြို့နယ်၊ ကျူဒါတ်ကျေးရွာအုပ်စု၊ သံဒိတ်ကျေးရွာ၊ အထက (ခွဲ)၊ (သံဒိတ်)ကျောင်း Grade–5 မှ မရွှေမှုံဝတီ၏ ဖခင်အမည်မှန်မှာ ဦးဆန်းမင်းဦး ၈/တတက(နိုင်)၁၃၄၆၅၅ ဖြစ်ပါကြောင်း။

**ဦးဆန်းမင်းဦး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်3I/2019 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများ သိစေရန် ကြေညာအပ်ပါ သည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်3I/2010 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ဦးပိုင်အမှတ်(၁၇၁၁)၊ ဧရိယာ ၀ဒသမ၀၉၆ဧက အမှုတွဲအမှတ် ၅၅၉–၅/၂၀၁၃–၂၀၁၄ ဖြင့် ဒုတကက စိုးမြင့်မှ အမည်ပေါက် ပိုင်ဆိုင်ပြီး ဒုတကက စိုးမြင့်မှာ ၁၅–၁၂–၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးဒေါ်ဝင်း ၁၃/လရန(နိုင်)၀၀၇၀၉၂ မှ အမွေဆက်ခံစာချုပ်(၄၆IV/၂၀၂၃)ဖြင့် အမွေဆက်ခံပြီး ဒေါ်ဝင်းမှ ရောင်း/ဝယ်စာချုပ်(၄၂I/၂၀၂၃)ဖြင့် ဒေါ်ရန်ချုံစိမ်း ၁၃/သပန(ညွှဲ့)၀၀၀၁၉၃ ထံရောင်းချပေးပြီးဖြစ်၍ အမည်ပြောင်းထပ်မံ အသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(၁၂/ပြည်တော်သာရပ်)၊ဦးပိုင်အမှတ်(၃/ဃ)၊ ဧရိယာ ၀ဒသမ၅၀၂ ဧက အမှုတွဲအမှတ် ၆၇၇–၅/၂၀၀၃–၂၀၀၄(အေ)ဖြင့် ဦးစိုင်းစံမြတ်–ဒေါ်နန်းခမ်းလူတို့မှ အမည်ပေါက် ပိုင်ဆိုင်ပြီး ဦးစိုင်းစံမြတ်မှာ ၁၇–၃–၂၀၁၇ရက်တွင် ကွယ်လွန်သွားပါ သဖြင့် ဇနီးဒေါ်နန်းခမ်းလူ ၁၃/သပန(နိုင်)၀၀၃၇၇၈မှ အမွေဆက်ခံ စာချုပ် (၇၅IV/၂၀၂၁)ဖြင့် အမွေဆက်ခံပြီးဖြစ်၍ ဒေါ်နန်းခမ်းလူမှ အမည်ပြောင်းထပ်မံ အသစ်လျှောက်ထား လာမှုအပေါ် ကန့်ကွက်လိုသူများ ရှိပါ က ရက်ပေါင်း ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါ သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်4I/1554,4I/1549,4I/1546 တို့၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထား လာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၅၅၈၃ ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/7315 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

